www.burmeseclassic.com




ဟာသသရုပ်ဆောင်

# ရကျ်ရော်

## လူပြောများတဲ့လူပေါ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

လူရွှင်တော် ဟာသသရုပ်ဆောင်

# [illegible]

# လူပြောများတဲ့ လူပေါ်ကြီး

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊
ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၁၁၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၆၅၀၁၀၈

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ဖေသစ်တည် |
| အတွင်း ပန်းချီ | - | ကိုနိုင်လင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၈၈၊ ၃၃လမ်း(ယာ)၊ ၃၃လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မှဲ့ရွှေပုံနှိပ်တိုက်) |
| | | ၈၀/၁၁ သံလွင်လမ်း ပဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ မေလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျော်ထူး၏ ကတ်တလောက်မှ လူပြောများတဲ့လူပေါ | ၁၉ |
| ၂။ | ပန်းရိုးနဲ့ရုန်ဖြစ်ခြင်း | ၂၅ |
| ၃။ | လူပြက်တွန်းအား | ၃၁ |
| ၄။ | အဖေ့စကား | ၃၅ |
| ၅။ | တောင်ရှည်တစ်ထည် လက်ဖက်ရည်တစ်ခွက် | ၃၉ |
| ၆။ | အမေနဲ့ အနုပညာလုပ္ပဲ | ၄၃ |
| ၇။ | စိတ်ချသွားသော ဆရာ | ၄၇ |
| ၈။ | ဈေးသည်ကြီးနဲ့ တွေ့ဆုံခြင်း | ၅၁ |
| ၉။ | နွယ်တစ်ပင်ထပ်တိုးခြင်း | ၅၉ |
| ၁၀။ | လူရွှင်တော် ပတ်ပေါင်းနှင့် ကျွန်တော် | ၆၃ |
| ၁၁။ | သမင်လိုက်ခြင်း | ၆၉ |
| ၁၂။ | လူရွှင်တော် မိတ္တူ | ၇၅ |
| ၁၃။ | ငှက်ပျောသီးထမ်းသမားဘဝ | ၈၁ |
| ၁၄။ | ပလက်ဖောင်း လူရွှင်တော် | ၈၅ |
| ၁၅။ | ဗီဒီယို စတင်ရိုက်ကူးခြင်း | ၈၉ |
| ၁၆။ | ဗီဒီယိုနဲ့ ရှုစ်ကြော် | ၉၃ |
| ၁၇။ | ရုပ်ရှင်သံကြားအငြိမ့် | ၉၉ |
| ၁၈။ | ရုပ်ရှင်တားကြီးတက်လှည့်ခြင်း | ၁၀၃ |
| ၁၉။ | ဒါရိုက်တာလုပ်မိခြင်း | ၁၀၇ |
| ၂၀။ | ဟာသချက်ရည် | ၁၁၅ |
| ၂၁။ | လူပေါကြီးဘဝ ဆက်လျှောက်ခြင်း | [illegible] |


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com



# စာရေးသူ၏ ဖွင့်ဟဝန်ခံချက်

ဘယ်အတိုင်းအတာအထိ နေရဦးမယ်ဆိုတာ မသိရပေမယ့် နေနိုင်သရွေ့အထိတော့ အနုပညာနဲ့ပတ်သက်တာ မှန်သမျှ အကုန်လုပ်နေဦးမှာပါပဲ ...။ 'အဲဒါဟာ' ပရိသတ်ကို ကျေးဇူးဆပ်တာပါပဲ ခင်ဗျာ။

'အဖြစ်' 'အပျက်' တွဲ၊ ကျွန်တော်ရဲ့အဖြစ်တွေကို ... ကျွန်တော် 'အပျက်' မဖြစ်ခင်မှာ အမှတ်တရဖြစ်အောင် စုစည်းတင်ပြခြင်းသာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# မုဒိတာနှင့်ဒါနီး

ထိုခေါင်းစဉ်ကို ကျွန်တော်ရွေးချယ်ရခြင်းမှာ သူငယ်ချင်းကျော်ထူးအတွက်သာမဟုတ်ဘဲ 'တခြားသရုပ်ဆောင်များ' စာရေးစေလိုခြင်းကို ရည်ညွှန်းပါသည်။ လူ့ရှစ်တော်တိုင်းတွင် သူတို့၏ကိုယ်ပိုင်ဖြတ်သန်းမှုများစွာရှိကြပါသည်။ ထိုဖြတ်သန်းမှုများထဲတွင် 'ဘဝအမော'၊ 'ပီတိ'၊ 'ဒေါသ'၊ 'ရင်တွင်း၌ကြိတ်ခံစားရ'၊ 'ပတ်ဝန်းကျင်တွင် ဖြူဖြူငယ်မောခြင်း'၊ 'နှလုံးသားတစ်ခြမ်းမီးလောင်ဖြိုးတိခံရခြင်း'၊ 'စိတ်ချမ်းသာမှုနည်းပါးခြင်း' တို့ဖြင့်ဖြတ်သန်းလာခဲ့ရသူများ ဖြစ်ပါသည်။

ထိုစိတ်ခံစားမှုကို ဝတ္ထုတိုအဖြစ် တခြားသော ... တွင် သူငယ်ချင်းကျော်ထူး၏ဝတ္ထုတိုများ လစဉ်ဖတ်ရှုခဲ့ရပါသည်။ ကျွန်တော်သည် မန္တလေးက လူရှင်တော် ... ၏သရော်တော်တော် ဖြူစေ့ထေ့စာများကို သဘောကျ ... ပါသည်။

ဥပမာ . . . သူတွေကြုံခဲ့ရသော ... တွေ့အကြုံများကို ရေးသားဖြစ်နေခြင်းကို ... . . . အခု သူငယ်ချင်းဖြစ်သူကျော်ထူးမှာ သူ၏လုံးချင်း ... လူ့ဝေါ



ကြီး ဟာသူလုံးချင်းအသစ်အတွက် ကျွန်တော့် ... သည်။ ကျွန်တော် ကြည်နူးစွာသာ ... ပါသည်။ ... ကြောင့်ဆိုသော် အမှာစာဆိုတာကို ခုထက်ထိကြိုးပမ်း ရေးဖူးခြင်းတို . . .

သူငယ်ချင်းရေ . . .။

မင်းဟာ သဝတ္ထုအတွက် ... ကို ... ဝံ့ဝံ့အာမခံချက်ပေးချင်တာပါတော့ . . .

ကျော်ထူးတာ သူ့သိသင့်လောက် သူအမှတ်ရသလောက် စာပေကို ရိုးရိုးသားသားရေးဖြစ်ခြင်းပါလို့ . . .

သူငယ်ချင်းရေ . . .

မင်းလုံးချင်းကိုတော့ . . .

လွှင့်ပိုးအမှာထဲက စကားလုံးကို ခေတ္တငှားသုံးရရင်တော့

. . . .

"ရွှေဆိုတာ ဘယ်တော့မှ နေမလောင်ဘူး . . ."

"ကျော်ထူး ... ရွှေအစစ်ဖြစ်မှာပါ . . ."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



**အမှာစာ** တဲ့လား . . .

လွန်ခဲ့သော (၂)ရက်(၃)ရက်ခန့်က လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေသူငယ်ချင်းခေါ်သော(ခေါ်ဆိုလျှင် ရနိုင်သော)ကိုကျော်ထူးဆီမှ ဖုန်းဝင်လာ၏။ သူ့ စာအုပ်တွင် အမှာစာရေးခိုင်းသည်။

**အမှာစာ** ဟူသောစကားလုံးကို ကျွန်တော်မြင်ဖူးသည်။ ကြားဖူးသည်။ ဖတ်ဖူးသည်။ သို့သော် တစ်ခါမှမရေးဖူးခဲ့။ ရိုးသားစွာ ဝန်ခံရလျှင် ကျွန်တော်စာရေးရမှာ ပျင်းသည်။ စာဖတ်ရမှာ ပျင်းသည်။ စာကျက်ရမှာ ပျင်းသည်။ ထို့ကြောင့် စာမကျက်ရရင် ပြီးရောဆိုကာ ကျွန်တော်ဝါသနာပါသော သရုပ်ဆောင်အလုပ်ကို လုပ်ခဲ့သည်။

စာကျက်ရမှာ ပျင်းပါသည်ဆိုတာမှ သရုပ်ဆောင်အလုပ်က ပိုဆိုးနေသည်။ ဇာတ်ညွှန်းကျက်၍ ဇာတ်ညွှန်းအလွတ်ပြန်ပြောရသည်။ သို့သော် ကျွန်တော်ဝါသနာပါသောအလုပ်ဖြစ်သော ကြောင့် ကျွန်တော်ပျော်မိသည်။ ဤသည်မှစ၍(သို့)သရုပ်ဆောင်အလုပ်မှစ၍ စာကျက်နည်းကို ကျွန်တော်သိသွားသည်။ ငယ်စဉ်က ကျွန်တော်စာကျက်လျှင် အဖေနှင့်အမေ ကြားအောင်သာ အော်ဖတ်ခဲ့သည်မှလွဲ၍ ဦးနှောက်ထဲသို့ မရောက်ခဲ့၊ အဓိပ္ပာယ်ကို မသိခဲ့။ စကားလုံးတွေကိုသာ အော်ကျက်ခဲ့သည်။ ယခုတော့ စာကျက်ပုံ စာကျက်နည်း ကျွန်တော်သိသွားပြီ။ ဤသည်ကား သရုပ်ဆောင်အလုပ်မှ သင်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပာယ်ကို



သိဖို့လိုသည်။ အဓိပ္ပာယ်ရည်ရွယ်သည်ကို သိဖို့လိုသည်။ ခုနကပြောသလို ပြန်တက်၍ မေးပွဲဖြေရလျှင် ကျွန်တော်သည် သာ၍ဂုဏ်ယူ ထူးချွန်နိုင်သည်။

ဟော . . ကျွန်တော့်အကြောင်းတွေသာ ကျွန်တော်ပြောနေမိပြန်သည်။ ကိုကျော်ထူး၏ အမှာစာလိုရင်းတော့ မရောက်သေး။ ဟုတ်ကဲ့ . . ကျွန်တော် အမှာစာ မရေးတတ်ပါ။ ကျွန်တော် ကိုကျော်ထူးအား အားပေးစကားသာ ပြောချင်ပါသည်။

ယခု ကိုကျော်ထူး၏ တကယ့်ခံစားချက်များ၊ ကိုကျော်ထူး၏ တကယ်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များသည် စာဖတ်ပရိသတ်များအပေါ် စိတ်အာဟာရ(သို့)အသိတစ်ခု(သို့)ပုံရိပ် ငတော်သရုပ်ဆောင်ပြောသော 'ဟာသ' ရသတစ်ခုခုကို ပေးစွမ်းနိုင်ပါလိမ့်မည်ဟု ယုံကြည်မိပါသည်။ 'ဘာကြောင့်လဲ' ဟုမေးခဲ့လျှင် 'ကျွန်တော့်မိတ်ဆွေ ကိုကျော်ထူးသည် အနုပညာဝမ်းစာပြည့်ဝသော အနုပညာရှင်ဖြစ်သောကြောင့်' ဟုသာ ကျွန်တော်ယုံကြည်စွာ ဖြေရပါလိမ့်မည်။

www.burmeseclassic.com



**အစွာစာ** မဟုတ်ပါ။

ရောင်းကောင်းအောင် ကြော်ငြာပေးခြင်းလည်းမဟုတ်ပါ။ ထောက်ခံစာလည်း မဟုတ်ပါ။

ဆရာလုပ်ကာ အမှတ်ပေးခြင်းလည်း မဟုတ်ပါ။

လွန်ခဲ့သည့်(၁၀)နှစ်ပတ်ဝန်းကျင်ခန့်ကပင် ကိုကျော်ထူး အား ရင်းနှီးခင်မင်ခဲ့ပါသည်။ လုပ်ငန်းသဘောအရ ပတ်သက် ဆက်ဆံခဲ့ဖူးသော်အချိန်များအဖြင့် တော်ပါ။ အပေါင်းအသင်း၊ ညီအစ်ကိုသူငယ်ချင်းများအဖြစ်လည်း ယနေ့တိုင်သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ သောက်စားပျော်ပါးရင်းကြားမှာပင် ကိုကျော်ထူး၏ ဒီစာအုပ်လေးတစ်အုပ် ရေးခဲ့ပြီးပါပြီဆိုသောအခါ...

ကျွန်တော်တို့ ရှိရှိရင်းအနုပညာသမားများ၊ စာရေးအလွန်ရှင်းအညွှန်ကြားမှ ရှားရှားပါးပါးထွက်လာသော တန်ဖိုးရှိသည့် အချစ်ဝတ္ထုစာအုပ်လေးတစ်အုပ် ဖြစ်ပါသည်။

အချစ်ကြောင့် စိတ်တောင်းရှိသော ... ရှိသော ... စားသော၊ စမ်းစားဖြည့်သော၊ ကျွမ်းရင်းပင်ပန်းသော၊ ဆန္ဒ



ဆုသ်ကို ဖြတ်နီးတွာချစ်တတ်သော ကိုကျော်ထူး ... ပါသလဲ ဆိုသည့် မေးခွန်းများကို ... အညီအဖြင့် နှခေါင်းမှုမှု ... ၏ ခံရာခံဆစ်ဖြစ်တည်ခဲ့ရသော ရင်နှင့်ရေးများ ... သည့် ကျော်ထူး၏သနေ့တည်ခံ ... အစမှသည် ... ခါးသီးမှုပါရာ နာကျင်မှုများကြောင့် ... အရိုး ... သန္တာနိုင်ခြင်းဖြင့် အနုပညာချစ်ဆိုကို ဦးထိပ်ပန်ဆင် ... တစ်ချိန်တွင် အစကောင်းကာ အနှောင်းသေချာ ... အဖြစ် မှတ်တိုင်သင်္ကေတလေးတစ်ခု ထူရှုရခဲ့သည်ကို ... ရာ ဖော်ရွှမ်တီသားထားခဲ့ရသေးကား...

သူငယ်ချင်းကျော်ထူး ကောင်းရှာသွားကိုလားပါ... အဲ... မာလို...

ဆက်လက်အောင်မြင်ပါစေ...



ပိုက်တီးရဲ့ပိုက်...

(ဘုန်း...)

www.burmeseclassic.com

www.burmeseclassic.com



# ပီတိ, ပရိက်ံစကား

ကျွန်တော်ဟာ အညာကျေးရွာလေးမှာ လူရှင်တော် ဖြစ်ပါတယ်။ ပြီးတော့ ရယ်စရာစာပြောင်စာရွှန်းတလေးတွေ (ဝါသနာအလျှောက်)ရေးပါတယ်။ သဘင်သည်တွေ စာမဖတ်ဘူး ဆိုတဲ့ စကားကို ကြားရတိုင်း ကျွန်တော်စိတ်မကောင်းဖြစ်ခဲ့ရတာ အကြိမ်ကြိမ်ပါပဲ။ ဘဝနှစ်ခုနဲ့လူဆိုတော့ ကျွန်တော်သုံးသပ်ကြည့်တဲ့အခါ ညဘက်ညလုံး ပွဲကနေ မိုးလင်းတော့ အိပ်ရာဝင်၊ (ဒါတောင် ပွဲသိမ်းသိမ်းခြင်း မအိပ်ရသေးဘူး)။ ညက... ကပြခဲ့တဲ့အစီအစဉ်တွေရဲ့အကျိုးအပြစ်တွေကို ဆွေးနွေးတိုင်ပင်ကြ၊ ပြုပြင်ကြ၊ ပြီးပြီဆိုရင် လက်ဖက်ရည်ဆိုင်သွား၊ အာလာပသလ္လာပပြောကြနဲ့၊ အနည်းဆုံး မနက်ကိုးနာရီ၊ ဆယ်နာရီမှ ခုတင်ပေါ် ကျောခင်းဖြစ်ကြရာချည်းပါပဲ။ နေ့ခင်းထမင်းစားပြီးတာနဲ့ သီချင်းအစ၊ ပြဇာတ်အလယ်၊ နောက်ပိုင်းအဆုံး တိုးလုံးတိုက်ကြ၊ ပြီးတော့ ခဏမှေး၊ ညစာစား၊ မိတ်ဆင်၊ ကခွင်ပေါ်ပြန်တက်၊ မနက်ပွဲသိမ်းတော့... ညကျတော့...

ဒီသံသရာကြီးထဲမှာ လည်ပြီးရင်းလည်နေကြတဲ့ကျွန်တော်တို့အလွှာက သူငယ်ချင်းတွေ ဖြင်ပတာမေတို့ မထိတွေ့ဖြစ်၊ မဖတ်ဖြစ်ကြတာ၊ ကျွန်တော်ဖြင့် အပြစ်မဆိုရက်ပါဘူး၊ ဒါနောက်ပိုင်း... ကပျာကို မစ်ရှာကြတာကိုးဗျာ...။



ပြီးတော့ အခြေခံပညာ အားနည်းခဲ့ကြတယ်။ ဟိုးတုန်းက သေစာ၊ ရှင်တာပေါ့။ နောက်ပိုင်းကျတော့ လေးတန်းအောင်၊ ခုနစ်တန်းအောင်ရင်တော်ပြီ၊ အနုပညာလိုင်းဥစ္စာ၊ စာဒီလောက်မလိုပါဘူး... ရေးတတ်... ဖတ်တတ်ရုံလောက် ဆိုတဲ့ကတ်ကတယ်၊ သရုပ်ဆောင်တတ်ဖို့ပဲလိုတာပါ။

တစ်ခုတော့ ရှိတယ်။ ဇာတ်စာတွေ (လေးချိုးကြီး... ဆိုင်းဆင့်... မင်းအမီးအခေါ်) တိုတော့ အာဂုံဆောင်ကြရတာပေါ့။ အဲဒီတော့ ဘာဖြစ်လဲ!... အရေးကြုံလို့ ဟိုဒင်းနှင့်ထဲမှာ အချိန်ကာလေး ဆွဲထားပေးပါ။ (သဘင်လိုတော့ ဂိုင်းထားပါဦးပေါ့) ဆိုရင် 'စကားဝင်' တဲ့ပြသနာ ပြောစရာအဖြစ်ကြောင်းအရာ၊ ဆွဲရှားတုန်တဲ့အခက်အခဲတွေ ကြုံကြရပြန်ရော...။

အဘဇာတ်ဆရာ (အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်) ကို ကျွန်တော်ကြည်ညိုတယ်။ ဘာလို့လဲဆိုတော့ သူဇာတ်မှာ စာကြည့်တိုက်ပါတယ်။ အစ်လိုပ်စာသင်တဲ့ဆရာကို လခပေးပြီးခေါ်ထားတယ်။ စာသင်ချိန်၊ စာဖတ်ချိန်သတ်မှတ်ပေးထားတယ်။ သူ့တိုယ်တိုင်ကလည်း နိုင်ငံကျော်မဟာကထိကာဦးသုသိန်း၊ ဆရာကြီးဦးရန်အောင်၊ ဆရာဦးလေးခန့်(မုံရွာ)စတဲ့စာရေးဆရာကြီးတွေကို ထိုက်ထိုက်တန်တန်ကန်တော့ပြီး မောင်မှုးကြည်သူ

www.burmeseclassic.com



ဆီ ရာဇဝင်မှာ 'လှည်းသားငါးရာ(စတ္တုပဏ)လို အကောင်ကြီးတွေကို အောင်အောင်မြင်မြင်တိုက်ထွင်နိုင်ခဲ့တယ်။ နှစ်ပါးခွင်ရဲ့မြတ်လုံးတွေမှာ စာသံ၊ ပေသံတွေလွှမ်းစပြုလာတယ်။ 'သဘင်သည် စာဖတ်စ မြဲပြုလာပြီ'။

အခွေးမင်းသား(မြို့တော်သိန်းအောင်)လက်ထက်က ကျွန်တော့်ပညာသင်လိုက်တော့ စာကြည့်တိုက်တင်မကတော့ဘူး၊ 'မြို့တော်လက်ရေးမဂ္ဂဇင်း'ပါရှိနေပြီ။ စာတည်းအဖွဲ့ရှိနေပြီ။ ဝါသနာရှင်တိုင်း ဝင်ရေးလို့ရနေပြီ။ အားစိုက်ခွန်စိုက်လည်း ရေးခဲ့ကြပြီ။ သူတို့ရဲ့စာတစ်ခုက ပြင်ပမဂ္ဂဇင်းတွေထဲက စာ. . ကဗျာ(အဲဒီတုန်းက ရှုမဝ၊ မိုးဝေ၊ မြဝတီ၊ ငွေတာရီနဲ့ စန္ဒာမဂ္ဂဇင်းလောက်ပဲ ရှိခဲ့တာပါ) တွေကိုခံစားကြ၊ ဖလှယ်ကြ၊ ဝေဖန်လာကြပြီ။

ရွှေခေတ်'ပုဂံပြည်'လို 'ဖူးဖောင်လာပြီ'လို ကဗျာ ကလောင်ကြီးတွေကို တပျော်တပါးကရင်း၊ ခုန်ရင်း မြတ်မြတ်နိုးနိုး ရွတ်ဆိုသီကျူးကြရင်း 'သဘင်သည် စာချစ်စပြုလာပြီ'

ကျောင်းပညာရေးရင်ခွင်အနေ အလို စာပေချစ်တဲ့သဘင်ဖခင်ကြီးများရဲ့အနုပညာရင်ခွင်တွေကို ကူးပြောင်းခဲ့ရတဲ့ ကျွန်တော်. . . (အဖြေကျေနပ်စွာ အမှတ်ပေါ်လေ. . )တစေတာနဲ့ စာ



တွေရေးလာခဲ့တာ. . ငွေရတုအထိတစ်ကို ရောက်ခဲ့နေပြီ။ သဘင်သူငယ်ချင်းစာရေးဖော်ဆိုလို့ ဝင်းနိုင်(အနုပညာ)ကြီးတစ်ယောက်ပဲ ကွဲကျူးတွက်ကျားရှိ. . .။

ဒီဘက်နှစ်တွေမှာတော့ လူရွှင်တော်သူငယ်ချင်းတွေ အားဝါးတရရေးလာကြတာ တွေ့ရတော့ မုဒိတာပွားရ ဝမ်းသာအားရဖြစ်နေတုန်း. . . မြန်မာ့ဆို တိုကျော်ထူးက ကော့ဟာသရေးတဲ့သူတွေကို စာအုပ်ထုတ်မယ်ဆိုတော့ ဝမ်းသာဝမ်းမြောက် တ ငေါက်ထလေသံနဲ့ ဇာတ်ဆန်ဆန် ကြွေးကြော်လိုက်ချင်တာက. . .

"မိတ်ဆွေလူရွှင်တော်များတို့. . မိတ်ဆွေပါရှင်း. .

စိတ်သဒ္ဓါတရားနဲ့ ခံစားရှုစေ. . .

သဘင်သည် စာရေးပါပြီခင်ဗျား. . . "

ခင်မင်စွာဖြင့်

ချစ်စရာ

ရွှေလိုင်ဝေ (၄) ရက်၊ ၂၀၀၅



www.burmeseclassic.com

www.burmeseclassic.com





# ကျော်ထူး၏ ကက်တလောက်မှ လူပြောများတဲ့ လူပေါ



## ကျော်ထူး၏ ကက်တလောက်မှ လူပြောများတဲ့လူပေါ

ကျွန်တော် တနင်္သာသား။

ကျွန်တော့်ကို ၁၉၅၈ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၂၀၊ တော်သလင်းလဆန်း (၉)ရက်၊ တနင်္သာနေ့ မကွေးမြို့၏ ကျက်သရေဆောင် မြသလွန်ဘုရားပွဲတော်ကျင်းပနေချိန် နံနက်ပိုင်း မြန်မာဂုဏ်ရှိန်မြင့်စိန်၊ မင်းသမီးမိတ်ဆက်မတင်ရီပါဝင်တဲ့ဇာတ်အဖွဲ့မှာ အဖေက ပြဇာတ်မင်းသား မောင်မောင်အေး၊ အမေက ပြဇာတ်မင်းသမီးပွင့်စန်းရီတို့က နောက်ပိုင်းဇာတ် ကနေချိန်မှာ အရပ်လက်သည်နဲ့မွေးခဲ့ပြီး၊ ကျွန်တော့်အချင်းကို မြသလွန်ဘုရားရဲ့တစ်နေရာ ကျွန်းပင်ကြီးတစ်ပင်အောက်မှာ မြှုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်တော်က အထက်မွေး၊ အောက်ကြီးပေါ့။ မကွေးမှာမွေးပြီး၊ ရန်ကုန်မှာ ကြီးပြင်းခဲ့တဲ့သဘောပါ။

အထက်ကဖော်ပြခဲ့သလို ကျွန်တော့်ဖခင်ဟာ အနုပညာသမား နယ်ပေါင်းစုံ၊ မြို့ပေါင်းစုံ၊ ရွာပေါင်းစုံ လှည့်လည်ကပြရောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြေနေရတာမို့၊ ကျွန်တော့်ကိုဇာတ်အဖွဲ့နဲ့ တစ်ပါတည်းခေါ်မသွား နိုင်ပါဘူး။ နီးစပ်ရာအမျိုးတော်တဲ့ ခရမ်း၊ သုံးခွက 'ဒေါ်ခင်ကြည်' ဆိုတဲ့ အမျိုးသမီးကြီးတစ်ဦးထံမှာ နို့ဘူးနဲ့ကြီးပြင်းခဲ့ရပါတယ်။ မိဘဆိုတာ ဖြူသလား၊ မည်းသလား၊ မသိခဲ့ရဘူး။

ကျွန်တော်ငါးနှစ်၊ ခြောက်နှစ်သားအရွယ်မှာ ကျွန်တော့် မိခင်ဟာ အနုပညာအလုပ်ကို စွန့်လွှတ်ပြီး၊ ဈေးရောင်းရင်းနဲ့ သားသမီးတွေကို ရင်အုပ်မကွာ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။

ကျွန်တော့်ဖခင်ကတော့ မင်းသားဘဝကနေ လူရွှင်တော် တစ်ဦးနဲ့ ပေါင်းဖက်မိပြီး၊ လူရွှင်တော်တောင်လုံး(ခေါ်)တောင်စိုး ဘဝကို ခံယူလိုက်ပါတယ်။ ကျွန်တော်က အဖေ့ကိုမေးကြည့်တယ်။

"အဖေ . . ပြဇာတ်မင်းသားဘဝနဲ့ လူပြက်ဘဝ ဘာ ကွာခြားလဲ . ."

ဆိုတော့ အဖေက . .

"ငါ့သား. . ပြဇာတ်မင်းသားဆိုတာက အတည်နေရတယ် အတည်ပြောရတယ်. . ရုပ်ကလည်းလှရမယ်. . အပြောကလည်း ကောင်းရမယ်. . ပြီးတော့ အဖေတစ်ဦးတည်းက,လို့ မရဘူး. . . ပြဇာတ်မင်းသမီး. . လူရွှင်တော်. . လူကြမ်း. . မိန်းမကြမ်း. . စသည် ဖြင့် လူတော်တော်များများပါဝင်ကပြမှ ပြဇာတ်တစ်ပုဒ်ဖြစ်သလို အားလုံးညီညွတ်မှ ပြဇာတ်ကောင်းတစ်ပုဒ်ဖြစ်လာတယ်"

လို့ ဆိုပါတယ်။

"အသက်ကြီးသွားရင် ပြဇာတ်မင်းသားအဖြစ် ပရိသတ် က လက်မခံတော့ဘူး၊ လူရွှင်တော်ဆိုတာက အဖွဲ့အစည်းမလို ဘူး . . တစ်ယောက်တည်း ဘယ်သူနဲ့ဖြစ်ဖြစ် တွဲဖက်လို့ရတယ် . . မျက်နှာလှ ဖို့မလိုဘူး. . ပြက်လုံးကောင်းဖို့လိုတယ် . . လွတ်လပ်တယ်. . အသက်ကြီးသွားတဲ့အထိ အနုပညာအလုပ်တွေကို လုပ်သွားလို့ရ





တယ်. . 'ဝမ်းစာ' (အနုပညာနဲ့ပတ်သက်သောအတီး၊ အဆို၊ အရေး စွယ်စုံ) ပြည့်နေဖို့လိုတယ်. . . ဒါပေမယ့် ငါ့သားကိုတော့ အဖေ့လို အနုပညာသမား မဖြစ်စေချင်ဘူး . . ဘာဖြစ်လို့ လဲဆိုတော့ အဖေ တို့အလုပ်က စိတ်ပင်ပန်း. . လူပင်ပန်းတယ် ပရိသတ်ကြိုက်အောင် လုပ်ရတာက စိတ်ပင်ပန်းတယ် . . လူပင်ပန်းတာက 'နှစ်ပါး မင်းသား' ဆို ပြောဆိုငိုခုန်ပေါက်တာ, မင်းသမီးဆိုလည်း ထိုနည်း လည်းကောင်း၊ တစ်ညလုံးပွဲက၊ သူများတွေ အိပ်ချိန်ဟာ အဖေတို့ ဇာတ်သမားတွေအတွက် ပွဲကူး၊ ပွဲကချိန်တွေပဲ. . . ဇာတ်တစ်ခါ ပွဲကူးရင် အရမ်းပင်ပန်းတာ. . သုံးတန်၊ လေးတန် အစရှိသဖြင့် ထားကြီးတွေပေါ်မှာ ဇာတ်ပစ္စည်းတွေ အပြည့်အမောက်တင် . . လူတွေက မိုးရွာရွာ၊ နေပူပူ၊ အဲဒီကားကြီးအပေါ်မှာ လိုက်ရတယ် . . တစ်နှစ်ပတ်လုံး နေရာပေါင်းစုံ၊ နယ်ပေါင်းစုံ သွားလာရတယ် . . ဇာတ်ရုံဟာ အဖေတို့အိမ်ပဲ. . ဒါကြောင့် ငါ့သားကို အဖေ့လို အနုပညာသမား မဖြစ်စေချင်ဘူး . . စာကိုပဲကြိုးစားသင်ပါ . ."

လို့ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် အဖေ့ဆန္ဒမပြည့်ဝခဲ့ပါ ဘူး. . ကျွန်တော်ခုနစ်တန်းနှစ်ထဲက တို့ကျတ်ခေါက်ဘုရားပွဲ၊ ရေ လမုဘုရားပွဲ၊ တာမွေရာပြည့်ဘုရားပွဲ၊ မြေနီကုန်းပဒုမ္မာတွင်း၊ အင်းစိန်၊ လှော်ကား၊ ထောက်ကြံ့၊ ပဲခူးစသည်ဖြင့် ဇာတ်ပွဲ၊ အငြိမ့် ပွဲတွေရှိရာကို လွယ်အိတ်ခေါင်းအုံး၊ ဘိန်းမုန့်ကို လမ်းဘေးသောက် ရေနဲ့စားပြီး ပွဲတွေလျှောက်ကြည့်တတ်လာတယ်။

သင်္ကြန်ဆိုလည်း ရပ်ကွက်ထဲက ပြည်တော်ချစ်မင်းသား ကြီး၊ နှစ်ဆယ်ရာစုအကယ်ဒမီ၊ ပြည်သူ့တရားသျှင်၊ စေတနာဝါ တွေ့ အလှပြကားတွေမှာ သံချပ်နောက်က အဖောက်၊ သရုပ်ပြနဲ့ ဝင်လုပ်တယ်။

တစ်နှစ်ပေါ့။ အဖေအိပ်နေတုန်း အဖေ့ လဘီအလယ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်မတပ်ရသေးဘူး။ သေတ္တာထဲကခိုးပြီးသွားပေါင်။ ရတဲ့ငွေကို အလှုပြကားထဲလိုက်ဖို့သွားပေးတယ်။ သကြံန်လည်း ပြီးရော ရပ်ကွက်ထဲက အန္တရာယ်ကင်းပရိတ်ရွတ်တော့ အမေတရားသွားနာဖို့ သေတ္တာထဲ ထဘီထုတ်ဝတ်မယ်လုပ်တော့ မရှိတော့ဘူး။ ရိုက်လိုက်တာဗျာ. . တံမြက်စည်းတစ်ချောင်းလုံးကုန်ရောပဲ. . ပြောပြောပြီး ရိုက်၊ ငိုလိုက်တာမပြောပါနဲ့တော့. . မှုံရွှေရည်ဇာတ်ကားထဲက လိုလို၊ သဘင်သည်မဝင်ရ ပြဇာတ်ထဲကလိုလိုနဲ့ ကျွန်တော်လည်း ဝမ်းနည်းလိုက်တာ. . မပြောပါနဲ့တော့. . ဘာကိုလွမ်းမှန်းမသိဘူး. . အသားနာရမှန်းလည်း မသိဘူး. . ။

မိသားစုထဲမှာ ကျွန်တော်က အကြီးဆုံး၊ ကျွန်တော့်မိဘတွေဖြစ်စေချင်တာ ကျောင်းစာ. . လက်တွေ့ကျွန်တော်ဖြစ်နေတာက အနုပညာပိုးစဝင်နေပြီလေ။ အမေက အဖေ့ဆီစာလှမ်းရေးပေါ့. . ကျွန်တော်ရှေ့က ဖြောင့်ဖြောင့်သွားမှ နောက်က ကျွန်တော့်ညီ၊ညီမတွေ ဖြောင့်ဖြောင့်လိုက်တော့မှာပေါ့။ ဒါပေမယ့် ကျွန်တော်က သူတို့လိုက်လို့ရအောင် သိပ်တောက်ကောက်ကွေးကွေးကြီး မသွားပါဘူး။ 'မကွေးမဖြောင့်ပေါ့'။

ဒါပေမယ့်လို့ အမေ့တံမြက်စည်း ဘယ်လောက်ကုန်ကုန် ကျွန်တော်ကတော့ ဦးတည်ချက်မပျက်ပါဘူး။ တစ်ခါကလည်း ရပ်ကွက်ဒိုးဝိုင်းမှာ မင်းသားအကကောင်းလို့၊ ယာဉ်ထိန်းရဲရုံးခန်းရှေ့ တုတ်တစ်ချောင်းနဲ့လိုက်လို့၊ မင်းသားအဝတ်အစားကြီးကိုးရို့ကားယားနဲ့ ပြေးခဲ့ရပြီးပြီ။ မျက်နှာက မလိမ်းတတ်လိမ်းတတ်နဲ့အပေါ စားမိတ်ကပ်တွေလိမ်းထားပြီး ထန်းရည်ကလည်း မူးနေတော့ အဆီတွေပျံ၊ မင်းသားဝတ်စုံက ပုံမကျပန်းမကျနဲ့၊ ဒီကြားထဲ ရပ်ကွက်ထဲက ကိုယ်တစ်ဖက်သတ်ကြိုက်နေတဲ့ ကောင်မလေးနဲ့ တန်းတိုးနေလို့ ကမန်းကတန်း မီးပွိုင့်ကြီးမှာ ကားပေါ်ကခုန်ဆင်းလို့ ယာဉ်





ထိန်းရဲ အဖမ်းခံရ၊ ဒဏ်ငွေဆောင်။ အမေက တုတ်တစ်ချောင်းနဲ့ လိုက်ရိုက်၊ ငါးဆယ့်တစ်လမ်း ပလက်ဖောင်းမှာ ကိုးရို့ကားယားနဲ့ ပြေးလိုက်ရတာ ရုပ်ရှင်ဗွီဒီယိုရိုက်နေတဲ့ အတိုင်းပါပဲဗျာ. . မျောက်ပွဲတောင် ကျွန်တော့်လောက် လူစည်ကားမယ်မထင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



# ပန်းချီနှင့်ရန်ဖြစ်ခြင်း





## ပန်းချီနဲ့ရန်ဖြစ်ခြင်း

တက်ပြန်တော့လည်း မူလတန်းထဲက မကြာခဏ အရိုက်ခံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပန်းချီဆွဲလို့ရတဲ့ ရှိသမျှ ဖတ်စာအုပ်၊ ဗလာစာအုပ်တွေမှာ ပုံတွေဆွဲ၊ အိမ်ရောက်တော့လည်း အိမ်ပတ်ပတ်လည် ဝါးထရံမှာ မီးသွေးခဲနဲ့ ပုံတွေဆွဲ၊ ကျောင်းက ယူလာတဲ့ မြေဖြူနဲ့ရေး၊ အမေက လက်ကိုရိုက်၊ ယောက်မနဲ့ခုတ်၊ ကျောင်းကျတော့ ဆရာဦးသန်းထွေးက လက်ကိုပေတံနဲ့ ရိုက်၊ ဘောဖျက်နဲ့ခုတ်နဲ့။

တစ်ခါကလည်း အဖေပုဆိုးပေါင်ထားတဲ့ ဘောင်ချာ စာရွက်မှာ ပုံတွေဆွဲထားလို့ ပစ္စည်းသွားရွေးတော့ အပေါင်ဆိုင်က စာတွေ၊ ရက်တွေ မမြင်ရတော့ဘူး။ လက်မခံဘူးဆိုလို့ အဖေနဲ့ အပေါင်ဆိုင်က တရုတ်နဲ့ စကားတွေများပြီး ပြန်လာတာနဲ့ ကျွန်တော့် ကျောဗျောတင်တော့တာပါပဲ။ အဲဒါက မူလတန်းတုန်းကပါ။

အထက်တန်း၊ အလယ်တန်းရောက်လာတော့ ရန်ဖြစ်လာ လာပြီ။ မူလတန်းတုန်းက ပန်းချီဆွဲလို့ မကြာခဏ မိဘဆူခံရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်တော့ ရန်ဖြစ်လို့ မိဘအခေါ်ခံရတယ်။ ရန်ဖြစ်တယ်ဆိုတာကလည်း ဖြစ်ချင်လို့ဖြစ်ရတာမှတ်ဘူး။ အထက် ဖော်ပြပါ ကျွန်တော့်အဖေက လူရွှင်တော်ဆိုတော့ ကျွန်တော့်ကို ကျောင်းက ကောင်တွေက 'လူပြက်သား'၊ 'လူပြောင်သား'လို့ မကြာ ခဏစကြ၊ နောက်ကြ၊ ပြောင်ကြရင်းနဲ့ မကြာခဏ ရန်ပွဲတွေဖြစ် လာရတာပါ။

ကျွန်တော်ဟာ အနုပညာသမားတစ်ယောက်ရဲ့ သားသမီးဖြစ်လို့ပဲလားတော့မသိဘူး။ အနေအေးတယ်။ သူငယ်ချင်းနည်းတယ်။ စကားနည်းတယ်။ တော်ရုံတန်ရုံကိစ္စ သည်းခံတတ်တယ်။ ဆင်းရဲတာလည်း ပါတာပေါ့လေ။ လူများများနဲ့မနေဘူး။ တစ်ဦးတည်း နေလေ့နေထရှိတယ်။ ဒါပေမယ့်လို့ပေါ့ဗျာ. . ငါးပိသည်မသား. . လို့ ကျွန်တော့်မိခင်လုပ်ငန်းကို ကျွန်တော်ပြောတာ ခံနိုင်ပေမယ့် လူပြက်သား၊ လူပြောင်သားဆိုတဲ့ ကျွန်တော့်အဖေရဲ့ အနုပညာအသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုတော့ ကျွန်တော် ဆတ်ဆတ်ထိမခံနိုင်ဘူး။

ကျွန်တော့်အဖေက ဘယ်သူ့မှမစော်ကားဘူး။ ဘယ်သူ့ကိုမှ မျက်ရည်ပေါက်ကြီးငယ်ကျအောင် မလုပ်ခဲ့ဖူးဘူး။ လူတွေပျော်အောင်လုပ်တဲ့လူကိုမှ သူတို့က မလေးစားချင်ဘူး။ အရူးသဖွယ် လူပြောင်ကြီးလို့ သတ်မှတ်ချင်ကြတယ်။

ပိုဆိုးတာက ကျွန်တော့်တို့ဟုမ်းလမ်း(ယခင်)ဆွမ်းသိမ်းပွဲ၊ ဗားဂရာ၊ ထီးတန်း၊ ရွှေပြားသက်န်းကပ်လှူပွဲတွေဆိုရင် အဖေပါတဲ့အငြိမ့်ပဲ ငှားကြတယ်။ အဲဒီ့ ပွဲတွေကပြီဆိုရင် ပွဲအင်မတန် ဝါသနာပါတဲ့ ကျွန်တော် လုံးဝသွားမကြည့်ချင်ဘူး။ သွားမကြည့်ရင်၊ မလိုက်ရင် အမေရိုက်မှာစိုးလို့ လိုက်သာလိုက်ရတယ်။ စိတ်ကမပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မိသားစုက ဇာတ်ခုံရဲ့ ဝဲယာခုံပေါ်က ကြည့်ရတယ်။ ပရိသတ်ကို လှမ်းမြင်နေရသလို ပရိသတ်က





လည်း ကျွန်တော်တို့ကို လှမ်းမြင်ရတယ်။ အမေ့ကို သနားတာလည်း ပါ,ပါတယ်။ သူ့ခမျာ သူ့ယောကျ်ားနဲ့တွေ့ဖို့ရာ တစ်နှစ်ပတ်လုံးမှာ ဒီပွဲလေးတစ်ပွဲသာ တွေ့ရတာ။ တစ်နှစ်လုံး မြန်မာပြည်အနှံ့အထက် ရော၊ အောက်ပါစုန်ချည်ဆန်ချည် လျှောက်ကနေတော့ အမေနဲ့တစ်တွေ့ပဲတွေ့နေရတာ။ သား တွေ၊သမီးတွေ မိသားစုစုံစုံလင်လင်နဲ့ တွေ့ရတာ ဒီပွဲတစ်ပွဲပါပဲ။ ဒီပွဲပြီးရင် နယ်ကို ပြန်ထွက်သွားပြန်ရောဗျ. . ။

အဲ. . ခုနက ကျွန်တော်ဇာတ်ခုံ အပေါ်အောက်ကိစ္စလေး ပြန်ဆက်လိုက်ရအောင်. . ။ အငြိမ့်ခန်းထွက်တော့ အဖေက ပြက်လုံးပြက်ရော၊ ပရိသတ်ကလည်း ရယ်ပေါ့၊ အဖေပြက်လုံးပြက်ရင် ဇာတ်ခုံအောက်က ကောင်တွေက 'ဒါလား. . မင်းအဖေ. . လူပေါကြီး' ဆိုတဲ့ မျက်နှာ၊ မျက်လုံးတွေနဲ့ မရယ်ချင်ရယ်ချင်မျက်နှာပေးတွေနဲ့ ကျွန်တော့်ကို လှမ်း,လှမ်းလုပ်ပြတယ်။ စိတ်ကို တော်တော်လေး ချုပ်တည်းရပါတယ်ဗျာ. . ။

အငြိမ့်ဆိုတာလည်း ထုံးစံအတိုင်း သူ့သားသမီး၊ ကိုယ့်သားသမီး၊ သူ့ဆွေမျိုး၊ ကိုယ့်ဆွေမျိုး၊ သူ့မိန်းမ၊ ကိုယ့်မိန်းမပြက်လုံးထုတ်ကြတယ်။ အဲဒီအခါ ပိုဆိုးတော့တာပါပဲ။ ဥပမာ ကျွန်တော့်အမေကို တခြားလူရွှင်တော်တစ်ဦးက ပြက်လုံးထုတ်ရင် ဇာတ်ခုံအောက်က ကောင်တွေက အမေ့ကို လက်ညှိုးထိုးပြီး၊ ဝိုင်းရယ်ကြတယ်။ အမေကတော့ မျက်နှာကြီးနီပြီးခေါင်းကြီးငုံ့လို့ပေါ့။

အဖေက အနားကပ်လာပြီး . .

"မိန်းမ . . မရှက်ပါနဲ့ . . ကိုယ့်ရပ်တွက်ပွဲပဲ . . ပြက်လုံးထုတ်တာဘာဆန်းလဲ" တဲ့။

အဲဒီမှာတင် ပြီးရင်ဘာမှမဖြစ်ဘူး။ နောက်နေ့ အမေ့ဈေး သွားရောင်းရင် . .

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ညည်းယောက်ျားပြောတဲ့အတိုင်းလား . . "

"ညည်းယောက်ျားတော်တော် မျက်နှာပြောင်တယ်"

စသည်ဖြင့် မနေ့ညက ပြောခဲ့တဲ့ပြက်လုံးတွေ တစ်ဈေးလုံးပျံ့နှံ့ပြီး စမြုံ့ပြန် 'တဟီးဟီး. . တဟားဟား'ပေါ့။ အမေ့ခမျာ ဘယ်လိုမျက်နှာထားရမှန်းမသိဘူး။ အဲဒါက အမေ့အပိုင်း. . ။

ကျွန်တော့်အပိုင်းက ကျွန်တော်တို့အတန်းပိုင်ဆရာ၊ ဆရာမတွေကအစ . .

"ဟဲ့ . . လူပြောင်သား . . ထစမ်း . . "

ဘာရယ်မဟုတ်၊ ဆရာ၊ ဆရာမတွေကချစ်လို့၊ ချစ်စနိုးနောက်ပြောင်ခေါ်ကြပေမယ့် မုန့်စားလွှတ်ချိန်၊ ကျောင်းလွှတ်ချိန်မှာ ဆရာ၊ ဆရာမတွေရဲ့သံယောင်လိုက်ပြီး ကျွန်တော့်ကိုစကြတော့တာပါပဲ။ သည်းခံခွင့်လွှတ်နိုင်တဲ့အဆင့်တွေ ကျော်လာတော့ ကျောင်းမှာ နာမည်ဆိုးကြီးတစ်လုံးကို ပိုင်ဆိုင်တဲ့ လူမိုက်တစ်ယောက် ဖြစ်လာရတယ်။

ကြာလာတော့ ကျောင်းတက်ရမှာ ဝန်လေးလာတယ်။ ကျောင်းစာတွေကို စိတ်မဝင်စားချင်တော့ဘူး။ လွယ်အိတ်နဲ့ ကျောင်းစာအုပ်တွေဟာ ကျွန်တော့်ဘဝအတွက် ဘာမှမလိုအပ်တော့ဘူးလို့ ထင်လာတယ်။

ကျောင်းမှာရှိတဲ့ ကျောင်းသားတွေကို ရန်သူတွေလို မြင်လာတယ်။ ကျောင်းသူတွေရှေ့မှာ ဖြတ်လျှောက်ရမှာ ရှက်လာတယ်။ အငှမတန်းနှစ်မှာပဲ ကျောင်းပြေးတတ်လာတယ်။ ရန်ပိုဖြစ်လာတယ်။ ကျောင်းမှာ မကြာခဏ ပြဿနာလိုက်လိုက်ရှင်းရတာက 'အမေ'။

မျက်ရည်နဲ့မျက်ခွက်ဖြစ်ရတာ အမေ၊ သူ့ခမျာ ကျွန်တော့်ကိစ္စတွေလိုက်ရှင်းပေးရတာ တစ်ဖက်၊ အငယ်ကောင်တွေ ကျောင်း






ကြို့ကျောင်းပို့လုပ်ရတာက တစ်ဖက်၊ ဈေးရောင်းရတာက တစ်ဖက်နဲ့ တော်တော်လေး ကသီလှပါတယ်။ ညညဆို ကြိတ်ကြိတ်ပြီးငိုနေသံကို တစ်ခါတစ်ရံကျွန်တော်ကြားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com








## လူပြက်တွန်းအား

တစ်ခါကလည်း မေ့လို့မရနိုင်တဲ့ ပြဿနာလေးတစ်ခုဖြစ်ခဲ့တယ်။ အဲဒီပြဿနာက အဲ. . ကျွန်တော့်ကို 'လူရွှင်တော်ဖြစ်ဖို့' တစ်ခါတည်း တိုက်တွန်းလိုက်သလို ဖြစ်သွားရတယ်။ ပြဿနာက ဒီလိုဗျ. . ။

ကျွန်တော်ဟာ အရှက်အကြောက် တော်တော်ကြီးတယ်။ မနက်ဆိုရင် လူတွေမနိုးသေးခင် အမေ့ဈေးတောင်းကို ဈေးကို လိုက်ပို့ရတယ်။ ဈေးကွဲပြီဆိုရင် ဈေးသွားသိမ်းပေးရတယ်။ ဈေးသိမ်းချိန်မှာ အမေဟာ ဈေးထဲဝင်ပြီး အိမ်အတွက် ချက်ဖို့ပြုတ်ဖို့ ဟင်းစားသွားဝယ်နေတုန်း၊ ကျွန်တော့်ကို ဈေးပန်းနဲ့ထားခဲ့တယ်။ လာဝယ်ရင် ဘယ်လိုချိန်၊ ဘယ်လိုရောင်းဆိုပြီး၊ ချိန်ခွင်တအားစ သင်ပေးပြီးထွက်သွားရော။

ကျွန်တော်က ရှက်တော့ ဈေးပန်းကိုကျောပေးပြီး ငုတ်တုတ်ထိုင်၊ မျက်နှာကို ပေါင်နှစ်လုံးကြားမှာဖွက်ထား၊ ဈေးလာဝယ်တဲ့ လူတွေလာရင် နောက်ပြန်လက်ခါပြပေါ့။ အဲဒါကို အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားရောဗျာ. . ။ ဘာပြောကောင်းမလဲ. . ရှက်ပါတယ်ဆိုမှ ဈေးလယ်ခေါင်မှာ ကျောပြင်ဗျောတင်ရော။ ဒီကြားထဲ သာကေတ ရုပ်ရှင်ရုံမှာရှိတဲ့ ငါးပိရည်ချို ပင်မဆီသွားပြီး ငါးပိယူခိုင်းတာ အဆိုးဆုံးပဲ။ ဟိုတုန်းက ယိုးဒယားဆွဲခြင်းနဲ့ ငါးပိရေချို သွား,သွား ဝယ်ရတာ။ လက်ကလည်း ကြာကြာမဆွဲနိုင်ဘူး။ အချိန်တစ်ဆယ်နီးပါးလေ။ ပခုံးပေါ် ထမ်းတော့လည်း အဲဒီအရည်တွေက ပခုံးပေါ်ကတစ်ဆင့် ရင်ဘတ်အထိ စီးဆင်းလာသေး။ ဘတ်စ်ကားပေါ် တင်ရင် စပယ်ယာတွေက အနံ့နံလို့ အတင်မခံ။ တော်တော်လေး တောင်းပန်ပြီး တင်ရတယ်။ အဲဒီအနံ့အသက်မကောင်းတဲ့ ငါးပိကိုပဲ သူတို့စပယ်ယာတွေ၊ ဒရိုင်ဘာတွေစားနေကြတယ်မှတ်လားဗျာ။

တစ်ရက်ပေါ့. . . ခုနက ငါးပိရေချိုဆွဲခြင်းကို ကားစပယ်ယာက လက်မခံဘူး။ ကျွန်တော့် ကျောင်းချိန်ကလည်း နီးနေပြီ။ ဘယ်လိုမှလည်း ပြောမရဘူး။ အထုပ်ခပေးမယ်ဆိုလည်း သူက လက်မခံ။ နောက်ဆုံး ကျွန်တော်ခြေနင်းခုံပေါ် အတင်းတိုးတက်အေးနောက်တန်းထိုင်ခုံအောက်ကို ဆွဲခြင်းထိုးထည့်ပြီး၊ လူက ခြေနင်းခုံမှာပဲ တွယ်လိုက်မယ်ပေါ့။ ဖြစ်ချင်တော့ဗျာ. . ကျွန်တော်စီးတဲ့ကားပေါ်မှာ ကျွန်တော့်ကို အမြဲနောက်ပြောင်နေတဲ့ကောင်တွေ၊ ကောင်မလေးတွေနဲ့ တန်းတိုးတော့တာပါပဲ။

"ငါးပိသည်ကြီး. . တစ်ဆယ်သား. . ဘယ်လောက်လဲ"

"ငါးပိ လူပြက်ကြီး"

ဆိုပြီး မကြားတကြား နောက်ပြောင်လာတယ်။ ဒီမှာက စပယ်ယာနဲ့ အဆင်မပြေရတဲ့ကြားက အဲဒီအချိန်မှာပဲ ကျွန်တော့်ကို စပယ်ယာက ရင်ဘတ်လည်း လာတွန်းရော၊ ကျွန်တော့်စိတ်တွေ ထိန်းမရတော့ဘူး။ ဆင်းရဲတဲ့ဘဝ၊ နွမ်းပါးတဲ့ဘဝ၊ သူများတွေ အထင်သေးခံရတဲ့ဘဝ၊ ကျွန်တော့်မျက်လုံးတွေ ပြာသွားတယ်။ ဘာ





တွေဖြစ်သွားမှန်း ကျွန်တော်မသိလိုက်ဘူး။ သတိရလို့ကြည့်လိုက်တော့ ကားစပယ်ယာရဲ့မျက်နှာ. . ခေါင်းတွေမှာသွေးတွေနဲ့. . ကျွန်တော့်မျက်နှာမှာလည်း သွေးတွေနဲ့။


ကျွန်တော့်ကို နောက်ပြောင်နေတဲ့အုပ်စုအပြင် ကားပေါ်မှာပါလာတဲ့ ခရီးသည်တွေရဲ့ မျက်လုံးတွေဟာ ကြောက်ရွံ့ခြင်း၊ ရွံမုန်းခြင်း၊ အထင်သေးခြင်းတွေနဲ့ ဝိုင်းကြည့်နေကြတယ်။

ကျွန်တော်ကျောင်းထွက်လိုက်ပါပြီ။ ရခိုင်ဘက်ကို ထွက်မယ့် ချိုချိုမွှေးဆိုတဲ့အငြိမ့်မှာ ကားဆွဲ၊ တောက်တိုမယ်ရ၊ ပွဲတစ်ညသုံးကျပ်ခွဲနဲ့ဘဝကို စတင်ပြီးရှက်လွှင့်လိုက်ပါပြီ။ ကံကောင်းချင်တော့ အမေမသိအောင်ထွက်ခဲ့ပေမယ့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့မှာ ကျွန်တော့်အဖေပါတဲ့ ခင်မာချိုအငြိမ့်က အဲဒီမှာပွဲကနေတယ်။ ကျွန်တော် ဇာတ်ဆရာကို ခွင့်တောင်းပြီး၊ အဖေ့ဆီသွားပြီး၊ အကျိုးအကြောင်းပြောပြ ခွင့်သွားတောင်းတယ်။ အဖေတို့အဖွဲ့မှာက အဲဒီတုန်းက လူရွှင်တော်ပတ္တမြားဦးသိန်းဒီ၊ အသံဝိဇ္ဇာစိန် သံချောင်းဦးဩဘာ၊ ကျွန်တော့်အဖေဦးတောင်စိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com








## အဖေ့စကား

ကျွန်တော့်အဖေက ကျွန်တော့်ကို ပခုံးဖက်ပြီး၊ ကျွန်တော်တို့အငြိမ့်ကားရှိရာလိုက်လာပြီး၊ သူ့သူငယ်ချင်းလူရွှင်တော်ခေါင်းဆောင် တောက်တဲ့(ခ)ဦးတိုင်းကျော်ကို သေသေချာချာလေး အပ်ပါတယ်။

"တိုင်းကျော်ရေ. . . ငါ့သားကို မင်းလက်အပ်ပါတယ်ကွာ ခလိမ္မာတာရှိရင် မင်း သားတစ်ယောက်လို. . မင်း တူတစ်ယောက်လို ရိုက်နှက်ဆုံးမနိုင်ပါတယ်. . မျက်နှာသုတ်ပဝါလေးတစ်ထည်ဖြစ်ချင်တယ်. . မီးဖိုချောင်က လက်နှီးစုတ်မဖြစ်ရင် တော်ပါပြီကွာ. . "တဲ့။

ကျွန်တော်တို့အငြိမ့်ကားကြီး ထွက်လာတော့ အဖေမျက်ရည်တွေဝဲပြီး ကျန်နေခဲ့တယ်။ ကျွန်တော်လည်း ရင်ထဲမှာတစ်မျိုးကြီးပါပဲ။ ဘယ်လိုကြီးမှန်းလည်း မသိပါဘူး။

အဲဒီလိုနည်းနဲ့ ကျွန်တော် 'လူပြက်' မဖြစ်တဖြစ်၊ ဟိုလူခိုင်း ဒီလူခိုင်းနဲ့ တစ်နှစ်တာကုန်သွားတယ်။ မိုးလင်းခါနီး နောင်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်တွေမှာ တုတ်ထမ်း၊ ဓားထမ်း၊ ဘုရင့်သက်တော်စောင့်အဖြစ် ပါဝင်ခွင့်ရခဲ့ပြီး ပန်းကန်ပြားပိုတော့မဟုတ်ဘူးပေါ့။ (ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့တွေမှာ ဘာအလုပ်မှမလုပ်ဘဲ လိုက်လာရင် ထမင်းပန်းကန်ပြားတစ်ချပ်အပိုကုန်လို့ 'ပန်းကန်ပြားပို'လို့ ခေါ်ဆိုခြင်းပါ)

'လူသစ်'ဆိုတော့ ပညာပေးတဲ့လူတွေကလည်း ရှိသားလား။ အဲဒါကတော့ ဘယ်လောကဖြစ်ဖြစ်ပေါ့။ ရှိတတ်ကြစမြဲပါ။ ကျွန်တော့်ကို'လမိုင်းကပ်'အောင်ဆိုပြီး၊ ပတ်မကြီးခေါင်းပေါ်ရွက်၊ ပတ်စာကိုခုနစ်လုံးမျှပြီး၊ ကွင်းထဲမှာ ဆောက်ထားတဲ့ဇာတ်ရုံကို ခုနစ်ပတ်,ပတ်ခိုင်းတယ်ဗျာ. . လူကို သေချင်ရောပဲ. . တစ်ဖွဲ့လုံး တဟီးဟီးတဟားဟားပေါ့။

ကျွန်တော့်ဆရာကလည်း သောက်လိုက်ရတဲ့အရက်၊ ဘာအရက်မှမရွေးဘူး။ ရောက်လေရာအရပ် အရက်ရှာဝယ်ရတာ ကျွန်တော့်တာဝန်။ တစ်ညလုံးပွဲက မနက်အစောကြီးအိပ်ရာကထ၊ အိပ်ရာဆိုတာကလည်း သူများတွေလို ခုတင်တို့၊ စောင်တို့၊ မွေ့ယာတို့မရှိပါဘူး။ ဇာတ်ခုံပေါ်က 'ဘက်စီး' (နောက်ခံပိတ်ဖြူပေါ်မှာ ဘုရားပုံ၊ ဘူတာပုံ၊ ဇာတ်အဖွဲ့နာမည်၊ ပြဇာတ်မင်းသားနာမည်တွေကို မှန်ချပ်မှာ သင်္ဘောဆေးနဲ့ရေးပြီး မီးထိုးတဲ့နေရာ)အဲဒီဘက်စီးကျင်းရဲ့ကပ်ရက် ဒူပိတ်၊ ဇာတ်ခုံပေါ်ဘယ်ညာ၊ အရှည်လိုက်၊ ခါးဝက်သာသာ ကာထားသော ပိတ်အပြာရောင်ဘေး၊ ပုဆိုးခြုံ၍ ကွေးအိပ်ရခြင်းပါ။ မနက်ဆိုရင် ဇာတ်ဆရာကတော်နဲ့ ဈေးလိုက်သွား။ တစ်ဖွဲ့လုံးစားဖို့အတွက် ဟင်းစားတွေဝိုင်းသယ်။

ဟို ပြဇာတ် မင်းသား၊ ဒီပြဇာတ်မင်းသား၊ ဟိုဆိုင်းဆရာ၊ ဒီဆိုင်းဆရာတွေရဲ့ အသီးသီးမှာလိုက်သော ဗာဟီရကိစ္စတွေကလည်း ဝယ်ပေးရ၊ မေ့လာလို့ကတော့ ကျွန်တော့်အမေရဲ့လက်သံထက်၊ ကျောင်းက ဆရာ့ ကြိမ်လုံးထက်တောင်ပြောင်ကြသေး။ တစ်ခါ





တစ်ခါ ညနေပိုင်း ဇာတ်ရုံက လော်စပီကာဖွင့်တဲ့အချိန် ဇာတ်ရုံတလည်း လယ်ကွင်း ထီးထီး၊ နေကလည်း ဝင်၊ ကန်သင်းရိုးပေါ်မှာ တစ်ယောက်တည်း ငိုနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com





# တောင်ရှည်တစ်ထည် လက်ဖက်ရည်တစ်ခွက်



## တောင်ရှည်တစ်ထည် လက်ဖက်ရည်တစ်ခွက်

ထမင်းစားတဲ့အချိန်ရယ်၊ ညနေ နေဝင်ရီဖျိုးဖျအချိန်ရယ်တာ အမြဲတမ်းငိုနေရတာ ကျွန်တော့်ဘဝပါ။ ထမင်းစားချိန်ဆိုရင် မိသားစုထမင်းဝိုင်းကို ပြန်ပြန်သတိရတယ်။

ဇာတ်ပွဲကူးတော့လည်း ဇာတ်ကားပေါ်မှာ ဘယ်သူကတော့ ဘယ်နေရာ၊ ဘယ်ဝါ့ကဖြင့် ဘယ်နေရာ စသည်ဖြင့် တစ်နှစ်ပတ်လည်လုံး နေရာထိုင် ခင်းကိုယ်စီရှိကြပေမယ့် ကျွန်တော့်အတွက်တော့ နောက်ဆုံးသံ ခုတင်၊ ထမင်းအိုးတွေတင်တဲ့နေရာလေးမှာ မတ်တတ်တစ်လှည့်၊ ငုတ်တုတ်တစ်လှည့်နဲ့ ကားသံတန်းတိုင်ကို ပုဆိုးကွင်းစွပ်ပြီး၊ ပုခက်သဖွယ်မျက်နှာတင်ပြီး တစ်လမ်းလုံးငိုက်ခဲ့ရပါတယ်။

တစ်ခါတလေ လမ်းမှာကားနားလို့ သူများတွေလက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်တွေမှာ ထိုင်နေရင် အဲဒီကလာတဲ့ အနံ့ရနံ့လေးတွေ ရှူရှိုက်မိရင် ဆာလိုက်တာ မပြောပါနဲ့တော့။

ဒီလိုနဲ့ ဖြတ်သန်းလာခဲ့ရတာ နောက်ပိုင်းဇာတ်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းစ,နှစ်ခန်းစပါလာရပြီ။ နောက် နှစ်ပါးသွား၊ လူရွှင်တော် ထွက်လာရတယ်။

တောင်ရှည်မရှိတော့ ပြဇာတ်မှာသုံးတဲ့ စားပွဲခင်း အကွက်ကြီးကို ပစ္စည်းထိန်းဆီက လက်ဖက်ရည်တစ်ခွက် အမြဲတမ်းတိုက်ပြီး ငှားရတယ်။

ပြက်လုံးမှားရင် ဝိုင်းရယ်၊ ဝိုင်းဆောင့်ကန်နဲ့၊ အငြိမ့်ဇာတ်စကားအရပြောရင် ကျွန်တော်ဟာ 'ဖိုးလုံး. . အုန်းသီး'ပေါ့။

အဲဒီလို နဲ့ သုံးလေးနှစ်အကြာ ကျွန်တော့်နာမည်ကို ကျောင်းသားလေးချိုတူး ဆိုပြီးဇာတ်ဆရာက နာမည်ပေးလိုက်တယ်။

တစ်နှစ်ပေါ့. . .။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့နေတဲ့ ဟုမ်းလမ်း၊ ချင်းချောင်းရပ်ကွက်နဲ့သိပ်မဝေးတဲ့ အလုံ၊ ဆင်မင်းလမ်းမှာ ကျွန်တော်တို့ အငြိမ့်ကရမယ်လို့ ဇာတ်ဆရာကပြောတယ်။ ဝမ်းသာလိုက်တာဗျာ. . မပြောပါနဲ့တော့. . မိဝေးဖဝေးနဲ့ ခရီးရက်ရှည်ထွက်နေရတဲ့နှစ်တွေလတွေ မနည်းတော့ဘူး။

ရန်ကုန်ပြန်ရောက်ရောက်ချင်း အမေ့ဆီတန်းပြေးပြီး၊ အမေ့ရင်ခွင်ထဲမှာ တစ်ဝကြီးငိုချလိုက်တယ်။ ပြီးတော့ အမေ့ကို. .

"အမေ . . သားတို့အဖွဲ့ ဆင်မင်းရပ်ကွက်မှာ ဒီည'က'ရမယ် . . အမေလာကြည့်ပါလားလို့ . . ."

ပြောလိုက်တော့ အမေက . .

"ငါ့သားက ဘယ်နေရာကပါမှာလဲ . . အငြိမ့်ခန်းထွက်နေရပြီလား"

လို့ပြန်မေးတော့ ကျွန်တော် ဘာပြန်ပြောရမှန်းမသိဘူး ဖြစ်နေတယ်။

ဟုတ်တယ်လေ. . ကိုယ်က နှစ်ပါးသွားကျမှ ထွက်ရမှာ။ ပဲပြုတ်သည်တွေ၊ ဆိုက်ကားသမားတွေ သွားလာလှုပ်ရှားချိန်မှ





ထွက်ရမှာ။ ဒါနဲ့ပဲ. .

"အမေရယ် . . လာကြည့်တော့ သိရမှာပေါ့ . ."

လို့ နှစ်သိမ့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com








## အမေနဲ့အနုပညာလုပ်ပွဲ

အမေ့ခမျာမယ် သူ့သားပါတဲ့အငြိမ့်ကြည့်ဖို့ မနက်ခင်းကတည်းက ဇာတ်စင်နဲ့အနီးဆုံး ဆိုင်းဝိုင်းနားမှာ ဖျာစုတ်တစ်ချပ်ကို နေရာလုပြီးလာခင်း . .'. .

ဖျာရဲ့ပတ်ပတ်လည်မှာ တုတ်တစ်ချောင်းနဲ့ ငုတ်တွေရိုက်၊ ဟိုလူနဲ့ရန်ဖြစ်၊ ဒီလူနဲ့ရန်ဖြစ်၊ နေပူရင် နီးစပ်ရာ သစ်ပင်လေး အရိပ်မှာပြေးခို . . . .

အိမ်မှာရှိတဲ့ညီတွေ၊ ညီမတွေလည်း မနေရဘူး၊ တစ်လှည့်စီ ဖျာကိုလာစောင့်နေရတယ်။ သူများနေရာ လုသွားမှာစိုးလို့တဲ့. .။

ညပိုင်းလည်းကျရော. . ကျွန်တော်ဘာလုပ်ရမှန်း မသိဘူးဖြစ်နေတယ်။

အငြိမ့်ခန်းကို ကျွန်တော်ထွက်ချင်တယ်။ အမေ့ကို . . .

"သား လူရွှင်တော် လူပြက်ဖြစ်နေပြီအမေရေ. ."

လို့ ကြွားချင်တယ်။

ခက်တာက အငြိမ့်ခန်းထွက်ခွင့်မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



နှိုရင်လည်းဝတ်စရာတောင်ရှည်မရှိဘူး။ ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်။

နောက်ဆုံးတော့ မထူးပါဘူး။ တစ်နည်းတော့ သုံးရမှာပဲ။ နောက်မှ အရိုက်ခံချင်ခံရပါစေဆိုပြီး...

ကျွန်တော့်ဆရာဦးတိုင်းကျော်ကို အမေ့ဆီကခိုးလာတဲ့ ပိုက်ဆံနဲ့ BE တစ်လုံးပြီးတစ်လုံး တိုက်လိုက်တယ်။ ဆရာကလည်း သဘောတွေကျလို့ပေါ့။

နောက်ဆုံး ဆရာ 'ဖလက်ပြုပြီးမှောက်လဲ သွားရော... ဆရာ့တောင်ရှည်ကို သူ့ခေါင်းအုံးအောက်က အသာအယာယူဝတ်ပြီး၊ အငြိမ့်ခန်းထွက်လာတော့တာပါပဲ။

ကျန်တဲ့ လူရွှင်တော် ကိုပေါ်ဦးတို့၊ ကိုရွှေမိုးတို့က...

"ဒီကောင် သူ့ဆရာ တောင်ရှည်ဝတ်လာပုံထောက်ရင် သူ့ဆရာကိုယ်တိုင်ခွင့်ပြုလို့ပဲဖြစ်ရမယ်"

ဆိုပြီး အံ့သြပြီး ပြုံးနေကြတယ်။

ခွန်းထောက်ပြီးလို့ သံချပ်ပဲ စထိုးရသေးတယ်။ ဆရာဦးတိုင်းကျော်အပေါ်က စွပ်ကျယ်ချိုင်းပြတ်၊ အောက်ကဘောင်းဘီနဲ့ ထွက်လာပြီး..

"ခွေးမသား ..မင်းနဲ့တန်လို့လား"

ဆိုပြီး၊ ပြေးကန်ချလိုက်တာ ဆိုင်းဝိုင်းပေါ်က ကျော်ပြီး အမေတို့ကြည့်နေတဲ့ဖျာရှေ့ ဝမ်းလျားမှောက် ကားခနဲပဲ..။

အမေက ကျွန်တော့်ကို နားရွက်တွေဆွဲလိမ်၊ ခေါင်းကိုတ ဂေါက်ဂေါက်နဲ့ ခေါက်ပြီး ..

"လာပြန်မယ်"

ဆိုပြီး အတင်းဆွဲခေါ် ကျွန်တော်ကလည်း ရုန်းနဲ့၊ ပရိသတ်ကတော့ တဝေါ်ဝေါ်ပေါ့။





မှတ်မှတ်ရရ ကျွန်တော်သာ အမေနဲ့ပြန်လိုက်သွားခဲ့ရင် 'ကျော်ထူး' ဆိုတာ ဖြစ်ပေါ်လာတော့မှာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com






# စိတ်ချသွားသောဆရာ



## စိတ်ချသွားသောဆရာ

အဲ ဒီလိုနဲ့ ချိုချိုမွှေးအငြိမ့်မှာပဲ ပြန်ပါသွားပြီး တစ်ရက်ပေါ့။ အဲဒီရက်ဟာ ကျွန်တော့်ဘဝရဲ့ မမေ့နိုင်သောရက်တွေထဲမှာ တစ်ရက်အပါအဝင်ပဲ။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ချိုချိုမွှေးအငြိမ့် ပြည်တစ်ဖက်ကမ်း၊ ပန်းတောင်း က. ပ. စ(၆)မှာ 'က'တော့ နောက်ဆုံးည ကျွန်တော့်ဆရာဦးတိုင်းကျော် တီဘီရောဂါနဲ့ သွေးအန်ပါလေရော. . .။

ဆရာက သူ့ကိုပွေ့ထားပေးပါလို့ လေသံတိုးတိုးလေးနဲ့ ပြောတယ်. . .။

ပွဲကလည်း ထွက်ခါနီးနေပြီ။ ဇာတ်ဆရာနဲ့အဖွဲ့သားတွေကလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ပျာယာခတ်နေတယ်။

ဆရာဝန်သွားပင့်ဖို့ပြောတော့ ကျွန်တော့်ဆရာက လက်ကာပြတယ်။ တစ်ကိုယ်လုံးလည်း သွေးတွေပေကျံနေပြီ။

အဖွဲ့သားတွေက တီဘီရောဂါဆိုတော့ ကြောက်လို့နေတွေပါတယ်။ အနားသိပ် မကပ်ကြဘူး။ ကျွန်တော်ကတော့ ကူးချင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထူးပါစေတော့. . ဆရာ့ကျေးဇူးတွေက အများကြီး. . ။

အဲဒီလိုပွဲ့ထားတုန်းမှာ ဆရာက သူ့ခေါင်းအုံးလေးအောက်ကို မေးထိုးပြတယ်။ ကျွန်တော်က လှမ်းပြီးနှိုက်လိုက်တော့ သူ့ရဲ့လည်ကတုံးအဖြူလေးနဲ့ တောင်ရှည်ဖြစ်နေတယ်။

ပြီးတော့ ဆရာက အနားကပ်ပြီး တိုးတိုးလေး ပြောပါတယ်။

"အရင်တုန်းက မင်းကိုဆဲခဲ့. . ဆူခဲ့တာတွေဟာ မင်းကိုချစ်လို့ . . စိတ်မချလို့ပါ . . ခုတော့ စိတ်ချလို့ရသွားပြီ. . မင်းအပိုင်ယူလိုက်တော့. . ."

လို့ပြောပြီး ကျွန်တော့်လက်ပေါ် အသက်ပျောက်သွားတယ်။

ဆရာ့အလောင်းကို ကျွန်တော်ဦးသုံးကြိမ်ချလိုက်ချိန်မှာပဲ ဇာတ်စင်ရဲ့အရှေ့က မြန်မာ့ဆိုင်းဝိုင်းကြီးက အငြိမ့်လေပြေစထိုးတာနဲ့ သွားတိုက်ဆိုင်နေတယ်။

ကျွန်တော့်ရင်ထဲမကောင်းလိုက်တာဗျာ. . ။

အဖွဲ့သားတွေရဲ့မျက်ဝန်းတွေထဲမှာတော့ မျက်ရည်တွေအပြည့်နဲ့ပါ။

အဲဒီညက ဆရာသင်ပေးခဲ့တဲ့ 'ခွန်းထောက်' ကို ကျွန်တော်အားမာန်အပြည့်နဲ့ ဆိုချလိုက်ပါတယ်. . ။

ကျွန်တော်တို့လို အနုပညာသမားဆိုတာ 'နေမကောင်းပါဘူး'လို့ ပြောလို့မရပါဘူး။

ကျွန်တော့်ဆရာသေနေလို့ ကျွန်တော်တို့ အငြိမ့်ဆက်မကနိုင်တော့ပါဘူးလို့လည်း ပြောလို့မရပါဘူး . .

လုပ်စရာရှိတာတော့ လုပ်သွားရတာပါပဲ. . ။

တစ်ခါတစ်ရံ ကျွန်တော်စဉ်းစားမိတယ်ဗျ။

ကျွန်တော် ဒီပညာကို သင်ယူရတာ၊ မလွယ်ပါဘူး။





ဟိုလူ့အဆူခံ၊ ဒီလူ့အဆူခံ၊ ဟိုလူ့လှောင်ပြောင်ခံနဲ့. . ဆရာ့ပုဆိုး၊ ဆရာကတော်ထဘီလျှော်ရတာတစ်မျိုး။

သူတို့ချီးဖို့ ရေထမ်းပေးရတာ မကြာခဏ။ ကိုယ့်အိမ်မှာကိုယ့်အမေထဘီတောင် လျှော်ပေးဖို့နေနေသာသာ ကိုယ့် အဝတ်အစားတောင် ကိုယ်လျှော်ဝတ်တာမှုတ်ဘူး။

ဒီပညာ၊ ဒီဝါသနာကို လိုချင်တော့ အားလုံးကို ခဝါချလိုက်ပါတယ်။

လူရွှင်တော်တစ်ယောက်ဖြစ်ဖို့အတွက် လေ့ကျင့်လိုက်ရတဲ့'ခွန်းထောက်' . .

ဝတ်လိုက်ရတဲ့ 'တောင်ရှည်ပုဆိုးဝတ်နည်း'၊ ပတ်ပေါင်း၊ပေါင်းနည်း . . .

'လေ'၊'သနွှေ'၊'မျက်နှာပေး'စသည်ဖြင့်ပေါ့လေ . . .

လေ့လာလိုက်စားလိုက်ရတာ၊ ကျက်လိုက်ရတဲ့စာတွေ မနည်းပါဘူး။

'နတ်စာ'၊ 'သိကြားစာ'၊ 'ဘုရင်စာ'၊ 'လက်စွဲစာ'၊ 'ပုဏ္ဏားစာ'၊ 'သူတောင်းစားစာ'၊ 'ဝန်စာ'၊ 'ဆိုင်းဆင့်'၊ 'တောလေပြေ'၊ 'တောင်လေပြေ'၊ 'နတ်ပျက်စာ'၊ 'ကျောင်းစာတောင် အဲဒီလောက်ကျက်ရမယ်မထင်ပါဘူး။

ကျောင်းစာကျက်ရမှာ အင်မတန်ပျင်းတဲ့ကျွန်တော် လူကြီးသူမတွေနဲ့တွေ့မှ. .

အားလား. . လား. . မနက်ပွဲသိမ်းပြီဆိုတာနဲ့ သူများတွေအိပ်ရာထဲတန်းဝင်လို့ရတယ်။

ကျွန်တော်ကတော့ ဗလာစာအုပ်တစ်အုပ်နဲ့ လိုက်ရေး၊လိုက်မှတ်နေရတုန်း။

ဒီဘက်ခေတ် လူရွှင်တော်တချို့ကိုတွေ့တော့ အင်း. .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောရမလဲပေါ့လေ. . ပရိခံတောင်ဖြောင့်အောင် မပြော နိုင်ကြသေးပါဘူး။

ဒါပေမယ့် ကျွန်တော်ကတော့ ဘယ်သူ့ကိုမှ အထင်လည်း မသေးပါဘူး။ အထင်လည်းမကြီးပါဘူး။ သူတို့လည်း သူတို့နည်း၊ သူတို့ဟန်နဲ့ ဖြတ်သန်းလာကြတာပဲ မှတ်လား။

ကျွန်တော့် ဆရာတွေလို ဇာတ်စင်ပေါ်က ကန်ချမယ့်ပတ် ပေါင်း,ပေါင်းတာမဟုတ်လို့ အပြောခံရမယ်။

အရိုက်အနှက်များခံရရင် ဘယ်လိုနေရမယ်မသိဘူးနော်။

တစ်ခုတော့ရှိတာပေါ့။ လွယ်လွယ်ဖြစ်ပြီး၊ ကြာကြာခံဖို့ တော့လိုမယ်ထင်တာပဲလေ။

အဲ ခုမှ သတိတစ်ခုရတယ်။

'ခွန်း ထောက်' နဲ့ပတ်သက်လို့ပေါ့။ ကျွန်တော်တို့ ဆရာ တွေက မြို့၊ နယ်၊ ရွာ. . . ကာလံဒေသံပေါ့။

အဲဒီအလိုက် 'ခွန်းထောက်'ဆိုရပါတယ်လို့ ပြောပါတယ်။

ဥပမာ. . မြစ်တွေ၊ ချောင်းတွေနဲ့ နီးစပ်တဲ့နေရာမှာ ပွဲကရ မယ်ဆိုပါတော့။

မြစ်တွေ၊ ချောင်းတွေပါအောင် ဆိုတဲ့ခွန်းထောက်ဆိုရတယ် ဗျ။

'အညာဆိုရင် အညာပါတဲ့ခွန်းထောက်'၊ 'ခံစပ်ခြံတို့. . . ရှားစောင်းတို့. .'

စသည်ဖြင့်ပေါ့လေ. . ။

'ဘုန်းကြီးပျံ'ဆို တစ်မျိုး။ 'အလှူ'ဆို တစ်မျိုး။

ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို ကျင်းယက်ပြီး ဆိုရ တယ်။

ကျင်းယက်တယ်ဆိုတာကလည်း သောင်ထွန်းနေတဲ့ နေရာ





တွေမှာ လက်နှစ်ဖက်နဲ့ ရေရဖို့ ဘဲတွေလိုယက်ရသလိုမျိုးပေါ့။ ကိုယ် လိုရာကိုရောက်အောင်စကားလုံး၊ ပြက်လုံးတွေနဲ့ ရောက်အောင် ကျင်းယက်ယူတယ်လို့ ဆိုလိုပါတယ်။

ခုနက ကျွန်တော်ပြောသလိုမျိုးပေါ့။

နီးစပ်ရာ ပတ်သက်ရာကို 'ခွန်းထောက်' လုပ်ဆိုတာနဲ့ ပတ်သက်ပြီး နယ်တစ်နယ်မှာ ပွဲသွား'က'တော့ ကျွန်တော် အဆဲခံခဲ့ ရဖူးတယ်ဗျ. . ။

ဆရာတွေ သင်ထားတာက တစ်မျိုး။ ကျွန်တော်ဆိုလိုက် တာက တစ်မျိုးဖြစ်သွားတာကိုး။ မှတ်မှတ်ရရဗျာ. . ဘာတဲ့. . အဲ. .

"မြသားရယ်တဲ့ရေယမုံ. . ငွေလှိုင်းတွေဖြူစွာနဲ့ မြစ်ဧရာ နဒီကြောမှာကွယ်. . မျောကြဒိုက်ပုံ. . . "

စာသားပါ။

အဲဒီလိုဖြစ်ရမှာကို ကျွန်တော်က ဘယ်လိုဆိုလိုက်လဲဆို တော့. .

"မြသားရယ်နဲ့ရေယမုံ. . ငွေလှိုင်းတွေဖြူစွာနဲ့. . . တစ် ဝင်ကို နှစ်ပင်ယှက်တယ်ကွယ်. . . "

အဲဒီလောက်ပဲ ရောက်သေးတယ်. . ဘေးက ထိုင်နေတဲ့ ဆရာသမားက. .

"တစ်ပင်ကို နှစ်ပင်ယှက်တယ်. . . . ဟိုး . . ဟိုး . . . "

ဆိုပြီး၊ အဆုံးသတ်ပေးလိုက်တယ်။ ပရိသတ်ကလည်း 'ဝေါ ခနဲ'ရယ်ကြတာပေါ့။

ငါဘာမှားသွားလို့လဲလို့ အပြန်ပြန် အလှန်လှန် စဉ်းစားတယ် . .

လေးငါးရက်လောက်ကြာတော့မှ နှစ်ပုဒ်ကို တစ်ပုဒ်လုပ်ပြီး ပေါင်းဆိုမိတာကို စဉ်းစားမိတာကိုး. . ။



www.burmeseclassic.com

www.burmeseclassic.com



အင်း. . ခုခေတ်လူရှင်တော်တွေများ ကျွန်တော့်လို မအေနဲ့တိုင်တုတ်တာများခံရရင် ဘယ့်နှယ်နေမယ်မသိဘူးနော်. . .

ကျွန်တော့်ဘဝမှာ အဆဲခံ၊ အဆူခံရတာတွေပြောရရင် တစ်နှစ်ကို ဘယ်နှကြိမ်၊ လူရှင်တော်ကြီးတွေဘယ်နှယောက်ဆိုတာ စာရင်းပြုစုလို့တောင်ပြီးမှာမှုတ်ဘူး။

ကိုယ်က ပညာလိုချင်တာကိုး။

ဒီလောက်တော့ရှိမှာပေါ့။

တစ်ခါတလေရှိသေးတယ်ဗျ။

ပွဲက ဒီညကရတော့မှာ၊ ပွဲထွက်ခါနီး နာရီဝက်လောက်လိုတော့မှ. .

"ဟဲ့. . ကောင်လေး. . ဒီညအော်ပရာမှာ မင်းပါတယ်. . လာမှတ်. . မင်းရွတ်ရမယ့်စာလာယူတဲ့. .

မှန်အောင်မရွတ်နိုင်ရင်တော့ ဒီညရမယ့် မင်းညကြေး ဖြတ်ပြီသာမှတ်. ."

ကိုင်း. . ကောင်းရောဗျာ. . တစ်နေ့ခင်းလုံး အားနေတာခေါ်ပြောပါလား. .

ခုတော့ဗျာ. . . မျက်ရည်မကျအောင် မနည်းကြိုးထိန်းထားရတယ်. အံတော့ ကြိတ်မိပါတယ်. .

ဒါတောင် လူရှင်တော်တစ်ဦးရဲ့သားနော်. . အနုပညာနဲ့ဝေးတဲ့လူစိမ်းမဟုတ်ဘူး . . .

အံမယ် . . မျက်ရည်မကျဘူးဆိုတာတောင် စာရေးရင်းနဲ့ ဗလာစာအုပ်ပေါ် နှစ်ပေါက် သုံးပေါက်လောက်တော့ ကျသေးသဗျ။

အဲဒါကို ဆရာသမားတွေက တွေ့တယ်။ မတွေ့ချင်ယောင်ဆောင်ပြီး၊ ဘာပြောတယ်မှတ်လဲ. .

"ဟော့ဇာတ်ဆရာရေ. . ဇာတ်ရုံက မိုးမလုံဘူးနဲ့တူတယ်





ဒီကောင်လေးရေးနေတဲ့ဗလာစာအုပ်ပေါ် စပယ်ထစ်နေတယ်ထာ"

စာကြွင်း. . . စပယ် - မိုး

ထစ် - ကျတယ်၊ ပေးတယ်။


ဇာတ်စကားအရ အသုံးအနှုန်း

ဟော. . နောက်တစ်နှစ်ပေါ့. . နာမည်ကြီးလူရှင်တော်ကြီးတစ်ဦးနဲ့ ထပ်တွေ့ရပြန်ပါပြီ။ သူက အငြိမ့်လောကမှာရော ရေဒီယိုက ထုတ်လွှင့်တဲ့ 'ဟာဒယရှင်ဆေး' ကဏ္ဍမှာ တော်တော်နာမည်ကြီးတဲ့ 'လူရှင်တော်ကြီး' ပါ။

www.burmeseclassic.com

www.burmeseclassic.com








## ဈေးသည်ကြီးနဲ့တွေ့ဆုံခြင်း

ဒီလိုနဲ့ ပွဲတစ်ညသုံးကျပ်ခွဲကနေ ဆယ့်ငါးကျပ်၊ ဆယ့်ငါးကျပ်ကနေ သုံးဆယ့်ငါးကျပ်ဖြစ်လာတဲ့အချိန် . . .

ကျောင်းသားလေး ချိုတူးကနေ ကျွန်တော့်ဘကြီး ရေဒီယို ဦးစိန်ခင်မောင်က . . .

ကျောင်းသားလေး 'ကျော်ထူး'ဆိုပြီး . . နာမည် ပြောင်းပေးတယ်။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်သုံးဆယ့်ငါးကျပ်ရတဲ့နှစ်ပေါ့။

ကျွန်တော်ကတဲ့ တေးသံရှင်ခင်မာချိုအငြိမ့်မှာ ဈေးသည်ကြီး ဦးဆန်နီ ပါဝင်လာတယ်။

သူက အဲဒီအချိန်မှာ လျှမ်းလျှမ်းတောက်ပေါ့။

ပွဲညကြေး၊ တစ်ည တစ်ရာ့ငါးဆယ်စပေါ် (အသုံး) တက်သောင်းခဲ့လား၊ နှစ်သောင်းခဲ့လားပဲ သိပ်မမှတ်မိတော့ဘူး။

ညဈေး အမြင့်ဆုံးစပေါ် အများဆုံး၊ ကားစီးတဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သီတဲ့ လူရွှင်တော်ဟာ ဈေးသည်ကြီးဦးဆန်နီပဲ။

သူနဲ့ကျွန်တော်က ရာဇဝင်ရှိတယ်။

ဒီလိုခင်ဗျ။

ကျွန်တော် ခုနစ်တန်းနှစ် သန်လျင်ကျိုက်ခေါက်ဘုရားပွဲမှာ အဖေတို့ပါတဲ့ အငြိမ့် ခင်မာချိုပေါ့။

ပွဲကချိန် ကျွန်တော်ကလည်း ပွဲကြည့်ချင်တော့ အဖေ့ကို ပူဆာပြီး ...

ညနေပိုင်းပုဇွန်တောင်က ထွက်တဲ့သီတာ(၁)၊ သီတာ (၂) သင်္ဘောကြီးနဲ့ သန်လျင်ကျိုက်ခေါက်ဘုရားပွဲကို ရောက်သွားတယ်။

ဟိုရောက်တော့ မျက်နှာသစ်နေတဲ့ ဈေးသည်ကြီး ဦးဆန်နီ တို့ ဇာတ်ရုံရဲ့နောက်ဘက်မှာတွေ့တော့ အဖေက..

“ဆန်နီ .. ဒါ ငါ့သားလေ ..”

ဆိုပြီး မိတ်ဆက်ပေးတယ်။

ဦးဆန်နီက..

“မင်းကရော.. ဘာလုပ်မှာလဲ.. မင်းဘကြီးက အငြိမ့် ထောင်ဆရာ၊ မင်းအစ်မက နာမည်ကြီးအငြိမ့်မင်းသမီး၊ မင်းအဖေ က လူရွှင်တော်၊ မင်းကျမှ ဘာမှသုံးမရတဲ့ ခဲမှူးစေ့မဖြစ်စေနဲ့”

လို့ ကျွန်တော့်ကိုပြောတယ်။

အဲဒါနဲ့ ကျွန်တော်ကလည်း ....

“ကြည့်လိုက်ပါဦး ဦးလေးရယ် ... တစ်ချိန်ဦးလေးနဲ့ ကျွန်တော် ဟောဒီအငြိမ့်စင်ပေါ်မှာ ပြန်ဆုံစေရမယ်”

လို့ လူငယ်ပီပီမခံချင်စိတ်နဲ့ ပြန်ပြောလိုက်တော့ ဘေးက အသံဝိဇ္ဇာဦးသံချောင်း(ကွယ်လွန်)နဲ့ ပတ္တမြားဦးသိန်းဒီ(ကွယ်လွန်) လူရွှင်တော်ကြီးတွေက ဝိုင်းရယ်ရင်းနဲ့ ..





“ဆန်နီရေ.. မင်းအတွက် ပြိုင်ဖက်အသစ်လေးပေါ်လာ ပြီ ... ပြေးနိုင်မှလွတ်မှာနော်”

ဟု ပြောခဲ့ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





# နွယ်တစ်ပင်ထပ်တိုးခြင်း



## နွယ်တစ်ပင်ထပ်တိုးခြင်း

အထက်ဖော်ပြပါဆိုသလို . . .

ကျွန်တော်သုံးဆယ့်ငါးကျပ်ရတဲ့ ဈေးသည်ကြီးဦးဆန်နီ ခင်မာချိုအငြိမ့်မှာ တစ်ကျော့ပြန့်ပြန်ဝင်လာချိန်နဲ့ တန်းတိုးတော့တာပါပဲဗျာ။

ဦးဆန်နီက ကျွန်တော့်တွေ့ တော့. .

“မင်းမဆိုးဘူး. . အပြောနဲ့လက်တွေ့တစ်ထပ်တည်းပဲ”

ဆိုပြီး . . .

ခေါင်းကိုအသာယာပုတ်တယ်။

အဲ. . ဦးဆန်နီ၊ ဦးရာကျော်တို့နဲ့ . . .

ပြီးတော့ နောက်နှစ် ငါးကျပ်ထပ်တိုးတယ်။

ငါးဆယ်ရတဲ့နှစ်မှာပဲ . . .

တွံတေးက အိုးလုပ်ငန်း၊ အိုးကုန်သည် ဦးတင်အောင်၊ ဒေါ်အေးမြင့်တို့ရဲ့ဒုတိယသမီး . . . .



www.burmeseclassic.com

www.burmeseclassic.com



မဖြဝင်း(ခ) မယဉ်ယဉ်မြင့်နဲ့ ကျွန်တော် အိမ်ထောင်ကျတယ်။

အိမ်ထောင်ကျတယ်ဆိုတာကလည်း ပွဲသွားကရင်း တွေ့တာမှတ်ပါဘူး . . .

သူကလည်း ကျွန်တော့်လိုပဲ အနုပညာဝါသနာပါတော့ မင်းသမီးလုပ်မယ်ဆိုပြီး . . . .

အငြိမ့်ထဲကို သူ့မိဘတွေမသိအောင် ခိုးလိုက်လာရင်းနဲ့ မင်းသမီးမဖြစ်လိုက်ရဘဲ 'ကျော်ထူးကတော်' ဖြစ်သွားရတယ်။

အခုမှ ကျွန်တော့်အဖေ ကျွန်တော့်အမေတို့ရဲ့ဘဝကို ကျွန်တော်ရောက်သွားပါပြီ။

ကျွန်တော့်ဇနီး အိမ်မှာ သားဦးလေးမွေးချိန်မှာ ကျွန်တော်က ပန်းမော်၊ ကသာရောက်နေတယ်။

သံကြိုးစာရပေမယ့် ပြန်လို့ မရဘူးဖြစ်နေတယ်။

ကျွန်တော့်သူငယ်ချင်းမြင့်အောင်ကပဲ အဖေ နေရာမှာ လက်မှတ်ထိုးပြီး၊ ဗဟိုအမျိုးသမီးဆေးရုံမှာမွေးပေးတယ်။

နောက် ဒုတိယမြောက်သားမွေးတုန်းကလည်း ကျွန်တော့်ဇနီးအနားမှာ ကျွန်တော်မရှိခဲ့ပါဘူး။

ကျွန်တော့်ဇနီးခမျာ မိဝေးဖဝေး ဆွေမျိုးဝေးနဲ့ သူ့ဒုတိယကိုယ်ဝန်ကို သတ္တိရှိစွာနဲ့မွေးဖွားခဲ့တယ်။

အဲဒီအချိန် ကျွန်တော်ဟာ 'ကျော်ထူး' မဖြစ်သေးပါဘူး။

ပွဲကတဲ့ နေရာမြို့၊ ရပ်ကွက်တွေလောက်ပဲ လူသိပါသေးတယ်။

အိမ်ထောင် ကျပြီဆိုတော့ ခါတိုင်းလိုဝါသနာအရ လုပ်လို့





မရတော့ဘူးလေ။

ပိုပြီး ကြိုးစားရတော့မှာပေါ့။

ပိုပြီးလေ့လာရတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



# လူရွှင်တော်ပတ်ပေါင်းနဲ့ကျွန်တော်



BURMESE CLASSIC .com



## လူရွှင်တော်ပတ်ပေါင်းနဲ့ကျွန်တော်

တစ် နှစ်ပေါ့. . ဂီတ၊ ရုပ်ရှင် တွံတေးသိန်းတန်ဇာတ်အဖွဲ့ကြီးမှာ လိုက်ခွင့်ရတယ်။

ကျွန်တော့်ဆရာလည်းဖြစ်၊ ကျွန်တော့် ယောက်ဖလည်းဖြစ်တဲ့ ပတ္တမြားဦးသိန်းဒီက ပြောပေးလို့၊ ဇာတ်ဆရာ ဦးသိန်းတန်တ. . .

ညကျရင် နှစ်ပါးသွားလာကပေး . . . အရည်အချင်းစစ်မယ်ဆိုတဲ့ သဘောပေါ့။

အဲဒါနဲ့ ညလည်းကျရော၊ အမေ့ကို ကန်တော့၊ ဇနီးဖြစ်သူတို့ အကျိုးအကြောင်းပြောပြပြီး . . .

အလုံ ကွင်းကျောင်း၊ အမှိုက်ပုံဘေး ဇာတ်ရုံက ထွက်လာခဲ့တယ်။ လာသာလာရတာ ရင်ထဲမှာ တထိတ်ထိတ်နဲ့ပေါ့။ ဇာတ်ကြီးတလည်း ဖြစ်ပြန်၊ မင်းသားကလည်း နာမည် ကြီး၊ လူရွှင်တော်တွေတလည်း တကယ့်ထိပ်ထိပ်ကျဲ။ မင်းသားက နာမည်ကြီးပန်ကျော့ ဦး



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်၊ လူရွှင်တော်တွေကလည်းဦးသိန်းဒီ၊ ဦးရွှေဖျိုင်းရဲ့သား အောင်သူ၊ ဦးချက်ကြီး၊ အဲ. . ညပိုင်း. . ရွှေပိုင်း၊ အော်ဝရော၊ တစ်ခန်း ရပ် ဟာသပြဇာတ်၊ အဆိုတွေထွက်နေချိန်မှာ ကျွန်တော်ဇာတ်စင်ရဲ့ ထောင့်တစ်နေရာက ရပ်ကြည့်နေပေမယ့် ဘာတွေဆိုလို့ဆိုမှန်း၊ ဘာ တွေကလို့ကမှန်း မသိတော့ဘူး။ ကျွန်တော့်စိတ်က နှစ်ပါးသွားကို ရောက်နေတာကိုး။ ဒီဇင်ဘာဆောင်းတွင်းကြီး ချွေးပျံနေတာဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ရှိတယ်။

အဲဒီလိုနဲ့ ပြဇာတ်ပြီးလို့ ခေတ္တအားလပ်ချိန်ပေးတဲ့အချိန် မှာပဲ ပတ္တမြားဦးသိန်းဒီက. .

"ရော့. . ပတ်ပေါင်း. . "

တောင်ရှည်၊ ရင်ဖုံးအင်္ကျီတွေပေးတယ်။ ပြီးတော့. .

"ကောင်လေး. . ကြိုးစားနော်"

တဲ့။ ကျွန်တော့် ရင်တွေလက်တွေ တုန်လာတယ်။ ကျွန်တော်တို့အငြိမ့်မှာက ပတ်ပေါင်းမပေါင်းရဘူး။ တောင်ရှည် လောက်ကတော့ ဝတ်တတ်တယ်။ ကျွန်တော့်ဘဝ အဲဒါပထမဦးဆုံး အခက်အခဲတစ်ခုပါပဲ။ ပတ်ပေါင်းစကိုကိုင်ပြီး တွေဝေနေမိတယ်။ ဒီဇာတ်နဲ့က တစ်နှစ်လုံးသွားရမှာ ရွှေတိုးမလား၊ နောက်ဆုတ်မ လား၊ စဉ်းစားချိန်ရသေးတယ်။ အဲဒီအချိန်မှာပဲ အဖေ့ရဲ့စကားတစ် ခွန်းကို သွားသတိရမိတယ်။

ဆရာဦးတိုင်းကျော်လက်ထဲအပ်စဉ်က ပြောခဲ့တာ. .

"မျက်နှာသုတ်ပဝါဖြစ်ချင်တယ်. . မီးဖိုချောင်က လက်နှီး စုတ်မဖြစ်ပါစေနဲ့"

ဆိုတဲ့စကားစုပါ။ ပြီးတော့ ကျောင်းထားရမယ့်အရွယ် ရောက်နေပြီဖြစ်တဲ့ ကျွန်တော့် သမီးနဲ့သားမျက်နှာလေးတွေ ပြန် မြင်ယောင်လာတယ်။





'ဟယ်. . မထူးတော့ပါဘူး. . ငါယောကျ်ားပဲ. . ကြိုးစား မယ်'ဆိုပြီး တတ်သမျှမှတ်သမျှလေးနဲ့ ပတ်ပေါင်း,ပေါင်းလိုက် တယ်။ အဲ. . နှစ်ပါးသွားလေပြေစထိုးပြီ။ လူရွှင်တော်ကြီးတွေကို ဇာတ်စင်ပေါ်မှာ တစ်ယောက်ချင်း ကျွန်တော်လိုက်ထန်တော့ တယ်။ သူတို့မျက်နှာတွေက ပြုံးစိစိနဲ့၊ ကျွန်တော်ဘာမှားနေလို့လဲ မသိပါဘူး။ 'ခွန်းထောက်'ဆိုပြီး၊ ပရိက်စကားပြောရင်းနဲ့ လူရွှင် တော် အဘတစ်ယောက်က. .

"ဒီနှစ် ဂီတ၊ ရုပ်ရှင်၊ သဘင်အဖွဲ့ကြီးမှာတော့ ထူးထူးခြား ခြား မန်းမြို့သားလေး ပန့်တျာကြည်လင်နဲ့ တွဲတေးသိန်းတန်တွဲ ဖက်လို့ပေါ့ဗျာ. . စွဲမက်စရာတွေနဲ့ တစ်မျိုးတစ်ဖုံကြိုးစားသွားမှာ ဖြစ်သလို ဟော. . ဒီမှာ လူရွှင်တော်အသစ်ပွဲထုတ်ပေးပါရစေ ဦး. . သူ့နာမည်က'ကျော်ထူး'တဲ့. . သူ့အဖေက လူရွှင်တော်. . သူ့ ဘကြီးက အငြိမ့်ဆရာ. . သူ့အစ်မက နာမည်ကြီးအငြိမ့်မင်းသမီး မျိုးရိုးလိုက်ပါတယ်. . ဘယ်လောက်မျိုးရိုးဂုဏ်ထိန်းလဲဆိုရင် ခေါင်း ကပတ်ပေါင်း,ပေါင်းလာတာ ကြည့်ပါ. . (. . ိး. . )ကိုပတ်တီး စည်းလာတဲ့အတိုင်းပဲတဲ့"ဗျာ. . ။

ပရိသတ်က ဝေါခနဲပေါ့။ ကျွန်တော့်မျက်နှာကြီးတစ်ခုလုံး ရှက်ရှည်အိုးထဲ မှောက်လျက်လဲသလိုပဲ ခံစားလိုက်ရတယ်။ ကျွန်တော် အဲဒီလူရွှင်တော်ဘကြီးကို မစော်ကားပါဘူး။ မေ့လည်း မမေ့ပါဘူး။ ကျေးဇူးလည်းတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်တော့်ကို မခံချင်စိတ်ဝင်သွားအောင် ဆွပေးလိုက်တယ် လို့ပဲ မှတ်ယူပါတယ်။

အဲဒီအလုံကနေ ပွဲကပြီးတော့ ပခုက္ကူ၊ မိတ္ထီလာမြို့တွေပါ ဆက်ကူးရမယ်။ ရတဲ့ငွေစပေါ်လေးကို သုံးသောင်းဝယ်၊ သုံးခုတင် ဝယ်၊ ခန်းဆီးလိုက်ကာ ချုပ်၊ ကျန်တဲ့ငွေလေးအနည်းငယ်ကို ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သည်နဲ့အမေ့ကို ကန်တော့ပေါ့။ ကျွန်တော်ကတဲ့အငြိမ့်မှာက ဘာပစ္စည်းမှမလိုဘူး။ ကျောပိုးအိတ်တစ်လုံးရှိရင်ရပြီ။ ဘဝရဲ့တစ်ဆစ်ချိုးတွေ့ရောက်တဲ့သဘောပေါ့လေ။ အလုံဇာတ်ရုံကနေ မနက်စောစော လေးနာရီလောက် ဇာတ်ကားတွေစထွက်မယ်ဆိုတော့ မနက်နှစ်နာရီခွဲလောက်ထဲက လိုအပ်တဲ့ပစ္စည်းတွေ စု၊ မိသားစုနဲ့မှာစရာရှိတာမှာ၊ အဲဒီအချိန်မှာ ကလေးတွေကအိပ်ကုန်ပြီ။ ကျွန်တော့်ဇနီးသည်က အဝတ်အစားလေးတွေ ပေါင်ပေါ်တင်ခေါက်ရင်း၊ မျက်ရည်က တဖောက်ဖောက်နဲ့ကျလာပြီ။ ကျွန်တော်လည်း ခုလိုဇာတ်သမားဖြစ်မှ အဖေ့ကို ကိုယ်ချင်းစာမိတော့တယ်။ တစ်နှစ်ပတ်လည်လုံး ရှိရှိသမျှသောဇာတ်ရုံတွေကို အိမ်လိုသဘောထားပြီးနေ၊ နေရတဲ့ဇာတ်သမားဘဝကို စတင်လို့ ခံယူလိုက်ပါပြီ။

ကျွန်တော်တို့ဇာတ်ကားကြီး မနက်ဝေလီဝေလင်းအချိန်လေးမှာ စပြီးထွက်တော့ တိတ်ဆိတ်နေတဲ့ ကျွန်တော်ရပ်ကွက်လေးကိုကြည့်ပြီး ရင်ထဲမကောင်းလိုက်တာဗျာ. . တဖြည်းဖြည်းနဲ့မီးရောင်တွေကလွဲရင် ဘာမှမမြင်ရတော့ဘူး။ ဆောင်းတွင်းပွဲကူး တော့ ချမ်းတာပေါ့ဗျာ။ အနွေးထည်နဲ့တင် မလုံလောက်တော့ ပုဆိုးတစ်ထည်ထပ်ထုတ်ပြီး ခြုံလိုက်တယ်။ ခါတိုင်းသုံးကျပ်ခွဲစားဘဝတုန်းက ဇာတ်ကားရဲ့နောက်မှီ ထမင်းအိုး၊ သံခုတင်တွေတင်တဲ့နေရာက လိုက်ခဲ့ရာက ခုတော့ ဇာတ်ကားပေါ်မှာ လူရွှင်တော်ကျော်ထူးဘဝနဲ့နေရာတစ်နေရာ ရလာပါပြီ။ ဇာတ်ကားပေါ်ကစိတ်ကူးနဲ့မိသားစုကို လှမ်းကြည့်မိသေးတယ်။ သူတို့လေးတွေ စောင်လေးတွေခြုံပြီး သူတို့မိခင်ရဲ့ရင်ခွင်ထဲမှာ ကွေးနေလောက်ပြီ။ ငါ့မှာသာ လေကတဖြူးဖြူးနဲ့ ပုဆိုးလေးခြုံပြီး၊ သစ်ကိုင်းအန္တရာယ်၊ ဓာတ်ကြိုးအန္တရာယ်ကို ရှောင်တိမ်းပြီး၊ မငိုက်ရဲဘူး။

အဲဒီလိုနဲ့ ပွဲကမယ့် မြို့ကိုရောက်တော့ သူများတွေက





ပွဲကူးကြမ်းလို့ ပင်ပန်းတယ်ဆိုပြီး၊ ခုတင်တွေ ခင်းအိပ်ကြတာပေါ့။ ကျွန်တော့်မှာသာ မအိပ်နိုင်သေးဘူး။ ခုတင်ခင်းပြီး၊ လိုက်ကာ၊ ခန်းဆီးကာ၊ ခြင်ထောင်ထောင်၊ ခြင်ထောင်ထဲမှာ မှန်တစ်ချပ်ထောင်ပြီး ပတ်ပေါင်းကို စမ်းပြီး ပေါင်းကြည့်တော့တာပါပဲ။

ဘယ်နေရာ၊ ဘယ်မြို့ရောက်ရောက်၊ ဘယ်လောက်ပင်ပန်းပင်ပန်း ကျွန်တော်မနားမနေ မှန်တစ်ချပ်နဲ့ပတ်ပေါင်းလို့လေ့ကျင့်လိုက်တာ. . နှစ်လသုံးလအတွင်းမှာပဲ ပတ်ပေါင်း,ပေါင်းတတ်သွားတယ်။ ကျွန်တော်ကိုပြောတဲ့ အဘလူရွှင်တော်ကြီးတို ကျွန်တော့်တစ်သက်မမေ့ပါဘူး။ သူပြောလို့ ကျွန်တော်မခံချင်စိတ်နဲ့ကြိုးစားလို့ တတ်မြောက်သွားတာပါ။ သူသာမပြောရင် ကျွန်တော်ဘယ်လာတတ်ပါ့မလဲ။ လူရွှင်တော်ပတ်ပေါင်းတင်လားဆိုတော့ မဟုတ်သေးဘူး။ နှစ်ပါးသွားပြက်လုံးတွေပါ ထိုက်သင့်သလောက်တတ်မြောက်ခဲ့ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com








## သမင်လိုက်ခြင်း

ကျွန်တော်လိုက်တဲ့အငြိမ့်မှာ အမယ်စုံတယ်ဗျ။ အငြိမ့်ခန်း၊ အော်ပရာ၊ နှစ်ပါးသွား၊ ပြဇာတ်။ အချိန်ရရင် နောက်ပိုင်းတောင် ကလိုက်သေးတယ်။

အဲဒီတုန်းက ဖိုး'က'ချင်လေ။

ဘယ်နေရာ၊ ဘာဝင်လုပ်ပေးရမလဲ၊ ဆုမတောင်းကောင်း တာတွေတောင် ဆုတောင်းတယ်။

လူရှင်တော်အစ၊ ယိမ်းသမအဆုံး၊ ဆိုင်းအဖွဲ့ကလွဲရင် တစ်ယောက်မဟုတ်၊ တစ်ယောက်ယောက် ကျန်းမာရေးချို့ယွင်းပါစေလို့ ...

အဲဒီလိုတစ်ယောက်ယောက် နေထိုင်မကောင်းမှ သူတို့အစား ကျွန်တော်ဝင်ကရမှာ။

အဲ . . မိတ်ကပ်မလိမ်းခင်တော့ ကျွန်တော့်ကို ဘာမှခိုင်းမရဘူး။

မိတ်ကပ်လိမ်းပြီးသွားပြီဆိုရင် ဘာခိုင်းခိုင်း ကြိုက်တာခိုင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတုန်လုပ်ပေးတယ်။

ပွဲဈေးတန်းမှာ အကြော်ဝယ်ခိုင်းမလား ...

ရေနွေးသွား တောင်းပေးရမလား၊ ...

ကွမ်းယာဝယ်ပေးရမလား ...

မိတ်ကပ်အဖွေး သားနဲ့ ဟိုလူက ကြည့်၊ ဒီလူကကြည့်နဲ့ .. အကြည့်ခံချင်တာကိုး...။

အခေါက်ရေဆယ်ခေါက် သွားရ ... သွားရ မငြီးငြင်ဘူး။

တစ်ခါကလည်း ပြဇာတ်ကခါနီး သူပုန်အဝတ်အစားကြီး ဝတ်ပြီး၊ ပွဲဈေးမှာ ဈေးသွားဝယ်တော့ နယ်မြေရဲကင်းက တကယ့်သူပုန်မှတ်ပြီး၊ ဝိုင်းဖမ်းလို့ အချုပ်ထဲ ရောက်သွားရသေးတယ်။

မှောင်ထဲမည်းထဲဆိုတော့ ဇာတ်သမားမှန်း ဘယ်သူသိမှာလဲ။

ဟိုရောက်မှ မျက်နှာလက်နှိပ်ဓာတ်မီးထိုး ကြည့်လိုက်တော့ မိတ်ကပ်အဖွေးသားတွေနဲ့..

အဲဒါပဲ မိတ်ကပ် လိမ်းရတဲ့အကျိုးကျေးဇူး။

မိတ်ကပ်သာ မလိမ်းမိရင် ဘယ်လိုရှင်းပြ၊ ရှင်းပြ ယုံမှာမဟုတ်ဘူး။

တစ်ညပေါ့...

ကမယ့်အော်ပရာက 'ပိလီယကွခမင်း' ဒုကုလနဲ့ပါရိက၊ သားရွှေအိုးထမ်း။

မိဘနှစ်ပါးက မျက်စိနှစ်လုံး ကွယ်နေတဲ့အော်ပရာ ...

သား ဖြစ်သူက 'သမင်အပေါင်းငါးရာခြံရံပြီးတော့ ရေခပ်အဆင်းမှာ တောကစားဝါသနာပါတဲ့ ရှင်ဘုရင်က ရွှေရောင် အဆင်းသဏ္ဍာန်ရှိတဲ့ သုဝဏ္ဏသာမ'ကို ရွှေသမင်နဲ့မှားပြီး၊ လေးနဲ့ခွင်း ..

အဲဒီအခန်းမှာ သမင်ယိမ်းပါတယ်။





မိန်းကလေးတွေ ချည်းပဲကရမှာ..

အဲဒီအချိန်မှာပဲ ယိမ်းသမလေးတစ်ယောက်က အစာမှားပြီး၊ ဝမ်းတွေသွား၊ ဝမ်းတွေကိုက်နဲ့ဖြစ်နေရော..။

အစားထိုး ဝင်ကမယ့်လူကလည်း မရှိဘူး။

ယိမ်းမင်းသမီးတွေက ကွက်တိ၊ သမင်တစ်အုပ်စု၊ ရုံရှေ့တော်က တစ်စု၊ မန်နေဂျာက ဇာတ်ဆရာဆူမှာစိုးလို့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘူးဖြစ်နေတယ်။

အဲဒီအချိန်မှာ ဘယ်သူက ပြောလိုက်တယ်မသိပါဘူး။

ကျွန်တော့်ကို နေမကောင်းတဲ့ကောင်မလေး ဝတ်စုံတွေ လာဝတ်ပေးပြီး၊ သမင်ယိမ်းထွက်ကခိုင်းပါလေရောဗျာ။

'ရေငတ်တုန်း ရေတွင်း ထဲကျ'တာပဲ..။

မိန်းမနေရာဖြစ် ဖြစ်၊ ဘယ်နေရာဖြစ်ဖြစ် အရေးကြီးတာက 'က'ရဖို့ပဲ။

ခုနက ပြောသလိုပေါ့။

မိန်းကလေးတွေကြားထဲမှာ ကလိုက်ရလို့ ပျော်လိုက်တာဗျာ.. မပြောပါနဲ့တော့။

တခြားစိတ်တော့ မရှိပါဘူး။

ကျွန်တော် ဝါသနာပါတဲ့ အနုပညာ ဘယ်လောက်လုပ်နိုင်တယ်ဆိုတာ ဇာတ်ဆရာရော၊ မန်နေဂျာအပါအဝင် အငြိမ့်တစ်ဖွဲ့လုံးမြင်စေ၊ တွေ့စေချင်တယ် ...

ကြွားချင်တာပေါ့ဗျာ..။

အဲ... အဲဒီပွဲမှာပဲ ...

နောက်ပိုင်း ကျွန်တော်မိတ်ကပ်လိမ်းရမှာ တော်တော်ကြောက်သွားတယ်။ ဖြစ်နိုင်ရင် မလိမ်းချင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ မိတ်ကပ်ကြောင့် ကျွန်တော့်ဘဝတစ်ခုလုံး ပျက်တော့မလို့ဗျာ..။

ဒီလိုဗျ..

ခုနက ဇော်ပရာမှာ သမင်ယိမ်း'က'လို့အပြီး၊ အပေါ့သွားချင်တာနဲ့ ဇာတ်ရုံရဲ့နောက်ဘက် မှောင်ရိပ်ထဲကို သမင် အဝတ်အစားဝတ်ပြီး၊ ကျွန်တော်သွားတော့ နောက်ကခြေသံတွေ ကပ်လိုက်လာတာ ကြားရတယ်။

ပထမတော့ သူတို့လည်း ငါ့လိုပဲ အပေါ့အပါးသွားကြတာပဲလေဆိုပြီး . . .

ကိုယ့်ကိစ္စကိုယ် လုပ်မယ်ပေါ့..။

ဒါပေမယ့် သူတို့တွေ ရဲ့စကားလည်းကြားရရော . . .

သွားချင်တဲ့ အပေါ့တောင် ဘယ်ရောက်သွားလဲ မသိတော့ဘူး။

ဘာတဲ့...

"ဟေ့ကောင် .. ဟိုညာဘက်ထောင့်က သမင်မလေး သတိထားမိလား .. နှာတံပေါ်ပေါ်နဲ့ရှလ .."

"အေး .. ခုနက ငါတို့ရှေ့က သွားနေတာ .. သူပဲ.. လာ .. လိုက်ရအောင်"

တဲ့။

သူတို့တွေ ကျွန်တော့်ကိုဘယ်ညာနှစ်ဖက်ညှပ်ပြီး၊ လာရပ်တဲ့အချိန်မှာပဲ ကမန်းကတန်း သမင်ဘောင်းဘီကိုအောက် လျှောချ၊ မတ်တတ်ရပ်ပြီး၊ ကိစ္စအဝဝကို ရှင်းလိုက်တော့မှ 'သကောင့်သား' တွေ. . .

"ဟာ... ယောက်ျားကြီးကွ. . ."

ဆိုပြီး ပြန်လှည့်သွားတော့တယ်။





နောက်ဆို မိတ်ကပ် မလိမ်းရဲတော့ဘူး။ ခါတိုင်း ညနေ (၆း၀၀)နာရီထိုးပြီး၊ နေဝင်ရုံရှိသေးတယ်။

မိတ်ကပ်စလိမ်းတာ ဘယ်သူလဲလို့ မမေးပါနဲ့.. ကျွန်တော် ကျော်ထူးပါ။ ခုတော့ဖြင့် မိတ်ကပ်ဘူးတောင် မကိုင်ရဲတော့ပါဘူး ဗျာ..။

www.burmeseclassic.com

www.burmeseclassic.com








## လူရွှင်တော်မိတ္တူ

ကျွန်တော်ငယ်စဉ်အခါက ကျွန်တော်ပွဲမကြည့်ချင်တဲ့နေရာပေါ့။ ကျွန်တော့်အဖေတွေကတဲ့၊ ပန်းတည်းတန်းရွှေပြား၊ ရွှေသင်္ကန်းကပ်လှူတဲ့ပွဲမှာ၊ ကျွန်တော်လူရွှင်တော်ဖြစ်စအချိန်မှာ တေးသံရှင် ခင်မာချိုအငြိမ့်နဲ့ အဲဒီနေရာမှာပဲ အငြိမ့်ပြန်ကရတယ်။

အဖေပြီးတော့ သားအလှည့်ပေါ့။ 'က'တာမှဗျာ. . မကြာခဏပါပဲ။ ဒီတစ်ခါတော့ ကျွန်တော်မရှက်တော့ပါဘူး။

ကျောင်းတုန်းက လူပြက်သား၊ လူပြက်သားလို့ စကြ၊ ပြောင်ကြ၊ နောက်ကြတဲ့ကောင်တွေ၊ တောင်မလေးတွေ ကျွန်တော်တို့ရဲ့အငြိမ့်စင်ရှေ့အောက်မှာ ကျွန်တော့်ကို ပြန်ကြည့်နေရပြီလေ။

ကျွန်တော့်အမေနဲ့ ကျွန်တော်တို့ထိုင်တဲ့ နေရာလေးမှာ ကျွန်တော့်အမေရယ်၊ သူ့ချွေးမ(ကျွန်တော့်မိန်းမ)ရယ်၊ သမီးရယ် . . (အဲဒီတုန်းက သားသမီးတစ်ယောက်ပဲ ရသေးတယ်။)ပေါ့. . ။

မှတ်မှတ်ရရ ကျွန်တော့်ကို အရိုက်ကြမ်းတဲ့ဆရာမ ဒေါ်ကျင်စိန်နဲ့ ဆရာမဒေါ်တင်နုပါ ပွဲလာကြည့်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲပြီးတော့ . . . . .

"ငါ့တပည့်ကြီးစား . . . အများကြီးအလားအလာ ရှိတယ် S.H.S 2 ထွက်အနုပညာသမားတစ်ယောက်တော့ တိုးပြီပေါ့"

တဲ့။ အဲ . . နောက်တစ်ဦးထပ်တိုးလာတယ်။

သူ့နာမည် က'ဇရော'။ ကျွန်တော်တို့ဗားကရာမှာ အငြိမ့်က တော့ သူက အရန်မီးသတ်ဝတ်စုံ၊ ခရာတရှီရှီမှုတ်ပြီး၊ ကားတွေလမ်း ရှင်းနေရတာ။

တစ်ညသူပါ အငြိမ့်ကချင်တယ်လာပြောတော့ ကိုယ်ချင်း စာတယ်လေ။ ကိုယ်လည်း အောက်ခြေကလာတာဆိုတော့ ခက်တာ က သူ့အတွက် တောင်ရှည်ပုဆိုးမရှိဘူး။

ပြီးရင် အငြိမ့်ဆရာကို ခွင့်တောင်းရဦးမယ်။ ခေါင်းဆောင် မင်းသမီးကိုလည်း အကျိုးအကြောင်းပြောပြထားမှ နို့မို့ဆို မလွယ်ဘူး။ သူက လက်သံပြောင်တယ်။ တော်ရုံတန်ရုံလူရွှင်တော် သူ့စင်ပေါ် မတက်ရဲဘူး။ သူကလည်း အတက်မခံဘူး။

ဒါပေမယ့် ကျွန်တော်ရအောင်ပြောတယ်။ အဆင်ပြေ သွားတယ်။ တောင်ရှည်တော့ ပြဇာတ်မင်းသား ဦးမောင်မောင် သူအိပ်ပျော်နေတုန်း သူ့နောက်ပိုင်းနှစ်ပါးသွားဝတ်တဲ့ ရွှေတစ်ဆုပ် အဖြူရောင်ကို ခိုးပြီးပေးဝတ်လိုက်တယ်။

ကျွန်တော့်ဘဝ ဆရာသမား ဦးတိုင်းကျော်တုန်းကလိုပေါ့။ အပေါ်က မီးသတ်အကျီ၊ အောက်က ရွှေတစ်ဆုပ်နဲ့ ထွက်လည်းလာ ရော၊ ပရိသတ်က ဝိုင်းဟားရောဗျာ။ ရယ်တာမှုတ်ဘူးနော်။ သူ့ ရပ်ကွက်ပွဲဆိုတော့ မလေးစားဘူးလေ။ အရှုး၊ အပေါကြီး . . .

အို . . စုံနေတာပဲ . . ဒီကောင်ကလည်း မခေဘူး။ မျက်နှာ တော့ရဲသား။

ပရိသတ်ကျောပေးတာနဲ့ ပြက်လုံး၊ တောင်တစ်လုံး၊ မြောက်





တစ်လုံး။ သူများပြက်လုံးမှန်းမသိ၊ ကိုယ့် ပြက်လုံးမှန်းမသိတာတွေတ လွဲရင်ပေါ့။ ကျွန်တော်ပြက်မယ့် ပြက်လုံးတွေထဲက ဖွဲ့ပြီး၊ သူ့အနား ကပ်ပြော၊ သူကထပြက်ပေါ့။ အဲဒီမှာတင် ပွဲပြီးသွားရင် ပြီးရော ပေါ့ဗျာ။ မပြီးဘူး။ ကျွန်တော်တို့ အငြိမ့်ကတဲ့နေရာမှန်သမျှ လျှောက်လိုက်တော့တာပါပဲ။

အံမယ် . . သူက တပည့်မွေးသေးတယ်။ သူ့တပည့်က အောင်ပန်း(ခ)ရွှင်ပြုံး။ သမဝန်ကြီးရုံးချုပ်က 'ဝန်ထမ်း'။ သူ့ပါခေါ် လာပြီး၊ ကျွန်တော့်ကိုထပ်အပ်တယ်။ အဲဒီအချိန်တုန်းက 'ဇရော'က ဗဟိုကော်မရှင်ရုံးမှာ ရုံးကားမောင်းနေရတယ်။ တော်ပါသေးရဲ့။ နှစ်ယောက်လုံးက ဝန်ထမ်းတွေဖြစ်နေလို့။ ရုံးပိတ်ရက်လောက်ပဲ အငြိမ့်လိုက်ကနိုင်တာ။ သူတို့လိုက်လိုက်ကတာ အကြောင်းမှုတ်ဘူး။ ဇာတ်ဆရာက သူတို့အတွက် ပိုက်ဆံ(ညကြေး)ပေးတာမှုတ်ဘူး။ သူတို့ပြန်ဖို့ လမ်းစရိတ်တွေဘာတွေက ကျွန်တော်စိုက်ပေးရတာ။ ပြက်လုံးသင်ပေးရုံတင်မှုတ်ဘူး။ ဇာတ်ခုံပေါ်မှာဖြစ်လာတဲ့ အခြား လူရွှင်တော်တွေကိစ္စပါ ရှင်းပေးနေရတာ။ ရှေ့ကမတ်တတ်ရပ်ပေး တဲ့သဘောပေါ့ဗျာ။

"ဟေ့လူတွေ . . ဒါကျုပ်လူတွေ ဖိုက်ချင်ရင် ကျုပ်နဲ့ဖိုက်၊ သူတို့ကို မထိနဲ့"

လို့ပြောရတဲ့အခါ ပြောရသေးတယ်။ တစ်ခါကလည်းဗျာ သာယာဝတီမြို့မှာ ပွဲသွားကတော့ ဒီလောက်ဝေးတဲ့နေရာ ဒီ ကောင် တွေလိုက်လာဖြစ်အောင် လိုက်လာသေးတယ်။ ထုံးစံအတိုင်း ပွဲ တစ်ညကပြီး၊ မနက်စောစော ရန်ကုန်ပြန်ဖို့ လမ်းစရိတ်မရှိဘူး ဖြစ် နေတယ်။ ကျွန်တော့်ညကြေးကလည်း ပွဲပြီးမှရှင်းတာ။ လက်ထဲ လည်း တစ်ပြားမှမရှိဘူး။ ဘာလုပ်ရမှန်းမသိဘူး။ ဇာတ်ခုံနောက် ဖက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး၊ နောက်ဆုံးကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ပဲ ရင်းရတော့တာပေါ့။ ပွဲသိမ်းကို တစ်ညလုံးပင်ပန်းပြီး၊ အိပ်ပျော်နေတဲ့ယိမ်းသမလေးတွေရဲ့ အိပ်ရာခြေရင်းမှာရှိတဲ့မီးလုံးနဲ့ မီးခေါင်းတွေကို ဖြုတ်။ နောက်တစ်ခါ လောင်းစပေါ့(ဇာတ်စင်ရဲ့ ဘယ်၊ညာကိုအပေါ်စီးမှထိုးသောမီး)ထိုးသောမီးကို အောက်ခြေမှ သုံးလေးကိုက်ဖြတ်ပြီး၊ ပွဲဈေးမှာ သွားရောင်းပြီး၊ လမ်းစရိတ်ပေးလိုက်တယ်။ အဲ. . ညလည်းကျရော၊ ယိမ်းမင်းသမီးတွေ မိတ်ကပ်လိမ်းဖို့ မီးကြိုး၊ မီးလုံး၊ မီးခေါင်းတွေမရှိလို့ ပြဿနာတက်ရော။ ဆဲကြ၊ ဆူကြ၊ မေတ္တာပို့ကြနဲ့၊ ဖယောင်းတိုင်လေးတွေ ကိုယ်စီထွန်းပြီး၊ မိတ်ကပ်လိမ်းရရှာတယ်။ သူတို့ပြဿနာကြီးစခါစရှိသေးတယ်။ ဇာတ်ဆရာက မီးဒင်ဘာကိုင်တဲ့မီးဆရာ မုတ်ဆိတ်ကိုလက်သီးနဲ့ ထိုးပြန်ရော။ လောင်းစပေါ့မီးကြိုးတွေ ခိုးရောင်းရမလားပေါ့လေ။ သူ့ခမျာ သူမလုပ်ရဘဲ နှုတ်ခမ်းတွေကွဲ၊ သွားတွေကျိုးနဲ့ ကျွန်တော်တော်တော်လေး စိတ်မကောင်းဖြစ်သွားတယ်။

ဩော်. . . 'ကိုယ့်လူတော့ သာစေ၊ သူများတော့ နာစေ'ဆိုတဲ့သဘောဟာ မကောင်းပါလားပေါ့နော်. . ကျွန်တော်က တကယ့်ဆရာကြီးတစ်ဆူတော့ မဖြစ်သေးပါဘူး။ ကျွန်တော်ရတဲ့မုန့်ထဲက တစ်ဖဲ့စီဝေမျှကျွေးတဲ့သဘောပါ။ ကျွန်တော့်မှာရှိတဲ့ပြက်လုံးဆယ်လုံးကို သူတို့နှစ်ယောက် လေးလုံးစီပြက် ကျန်တဲ့နှစ်လုံးပဲ ကျွန်တော်ပြက်ရတာပါ။ ကျွန်တော် သူတို့အပေါ်မှာ ငါ့လိုပဲ ဖြစ်ချင်ရှာမှာပဲဆိုတဲ့စိတ်လေးနဲ့ ကူညီပေးလိုက်တာပါ။ ဘာမျှော်လင့်ချက်မှမရှိပါဘူး။ သူတို့လိုပဲ၊ နောက်ထပ် ဂတုံးမကြယ်လေး(နာမည်ရင်းကြည်အေး)ကီလီမှာ ဒီဇယ်အရောင်းအဝယ်လုပ်နေတဲ့သူတို့လည်း ထိုနည်းလည်းကောင်းပါပဲ။ လမ်းစလေးတွေ လိုက်ဖောက်ပေးတယ်။ 'ကျေးဇူးရှင်ကို ကျေးစွပ်တယ်'ဆိုတဲ့စကားဟာ နိုင်ငံခြားမှာပဲ အသုံးများတာနဲ့တူပါတယ်။ ခုတော့ဖြင့် သူတို့လည်း သူတို့လမ်း သူတို့





လျှောက်နိုင်ခဲ့ပါပြီ။ ကျွန်တော့်အဖေရဲ့ဆောင်ပုဒ်လေးအတိုင်း. .

"အဖေ. .

အဖေပေးတဲ့ဆန်ရယ်. . ထင်းရယ်. . ရေရယ်ကို ထမင်းတစ်အိုးအဖြစ် ချက်နိုင်ခဲ့ပါပြီ. . ဒါကြောင့် ကျွန်တော့်မိသားစု ထမင်းဝခဲ့ပါပြီ. . အဖေ့နည်းတူ ကျန်သောသူများကိုလည်း ကျွန်တော် ဆန်ရယ်. . ထင်းရယ်. . ရေရယ်ကို မျှဝေပေးလိုက်ပါပြီ"

သူတို့တစ်တွေ တစ်သက်လုံး တစ်ဘဝလုံး ထမင်းအိုးတည်နိုင်ကြပါစေလို့. . . .

စာကြွင်း. . .

သထုံပွဲအမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



# ငှက်ပျောသီး ထမ်းသမားဘဝ





## ငှက်ပျောသီးထမ်းသမားဘဝ

ဦး သိန်းတန်ဇာတ်အဖွဲ့မှာ တစ်နှစ်လောက်လိုက်အပြီး အငြိမ့်တွေနဲ့တစ်ဖန်ပြန်ဝေးသွားရပြီ။ ကြုံရာ ကျပန်းလုပ်ရပြန်ရော။ သီရိမင်္ဂလာဈေးမှာ ငှက်ပျောသီးထမ်းတဲ့အလုပ်သမားဘဝ ရောက်ပြန်ရောဗျ။ မိဘအတွက်ဆိုရင် အရိုးများသလေး ချေးခါးသလေးနဲ့ လုပ်နေဦးမှာ။ ကိုယ်တိုင်မိဘနေရာရောက်တော့မှ မလုပ်လို့လည်း မရဘူးလေ။ လူကောင်က သေးသေး၊ ငှက်ပျောခိုင်တွေက ကြီးကြီး။ တစ်ခိုင်ကို ငါးမူးရတယ်။ ရှေ့နှစ်ခိုင်၊ နောက်နှစ်ခိုင်ဆိုတော့ နှစ်ကျပ်ရတယ်လေ။ သားသမီးတွေအတွက် လောဘတက်ပြီး၊ မရရ အောင်ထမ်းတယ်။ ရေကျချိန်ဆို သေရောပဲ။

ဟိုး. . ရေစပ်သမ္ဗန်ပေါ်ကနေ ကုန်းပေါ်ကိုဆွဲ၊ ပေါင်လယ်လောက်နက်တဲ့ ရွံ့ထဲက ငှက်ပျောခိုင်နဲ့ ရုန်းလိုက်ရတာ. . ဘာပြောကောင်းမလဲ . . ပုလင်းကွဲရှ. . ဝါးငုတ်တိုစူးနဲ့. . ဘာပဲစူးစူး. . ဘာပဲရှရှ. . ပိုက်ဆံရဖို့ အဓိကဖြစ်နေတော့ ရုန်းရမှာပဲလေ။

ငှက်ပျောထမ်း အလုပ်သမားဘဝလုပ်နေရင်း ပွဲစားတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြံလေးတွေကို ကျွန်တော့်အလုပ်ရှင် စိန်ဝင်းမောင်ဆီက တစ်ဆင့်သိရပြီး၊ ကျွန်တော် အရေခွံလဲပြန်ပြီ။ ငှက်ပျောပွဲစားဘဝပေါ့လေ။

ပွဲစားဆိုလို့ အထင်တော့မကြီးလိုက်ပါနဲ့။ ကုန်သည်တွေကို ပါးစပ်နဲ့ချုပ်တာ။ သူတို့က ကျွန်တော့်ကို ယုံတယ်လေ။ ကျွန်တော့်ဆီ သူတို့ငှက်ပျောကုန်တွေ အပ်၊ ကျွန်တော်က ရန်ကုန်မြို့မှာရှိတဲ့ ဈေးပေါင်းစုံက ဆိုင်တွေကိုတစ်ဆင့်ပြန်ရောင်းပေး၊ ပထမဝယ်ထားတဲ့ ငှက်ပျောဖိုးတွေ အရင်ရှင်း၊ ပထမရှင်းတဲ့ငွေကို ကုန်သည်တွေပြန်ပေး၊ အဲဒီထဲကမှ တစ်ဖီးကိုဘယ်လောက် အခိုင်ရေ၊ ဘယ်မျှတွက်ပြီး၊ ကော်မရှင်ခဖြတ်ယူ။

သဘောကတော့ သူများငှက်ပျောကို ပါးစပ်နဲ့ရောင်းပေးပြီး ဈေးတကာအကြွေးလိုက် တောင်းပေးပြီးမှ ရောင်းပေးခယူပေါ့. . ဒီသဘောပါပဲ။ တစ်ခါတလေကိုယ့်လက်ထဲငွေစလေး အနည်းငယ်ရှိရင်ပဲ တခြားလူတွေဆီက ငှက်ပျောတွေကို ဖြတ်ဝယ်ထား၊ ဝယ်တဲ့လူလာတော့ မူလဝယ်ဈေးထက် နည်းနည်းပိုတင်ရောင်း၊ အရင်းရော၊ အမြတ်ပါ တစ်ခါတည်းငွေပေါ်တာပေါ့။

ကုန်သည်တွေ အချိန်တန်လို့ မရောက်လာရင် ကိုယ်တိုင်နယ်ဆင်းဝယ်၊ ပြန်ရောင်းနဲ့မိသားစုစားဝတ်နေရေးကို တစ်မျိုးတစ်ဖုံလုပ်ရပြန်ရောဗျာ. .။ တချို့ကုန်သည်တွေက လူလည်တွေဗျ။ ကျွန်တော့်ဆီက ငွေကြိုတင်ယူပြီး၊ ငှက်ပျောတွေကျတော့ ကျွန်တော့်ထက်ဈေးပိုပေးတဲ့လူဆီသွားရောင်းရင် ရောင်း၊ မရောင်းရင် ငွေယူပြီးမလာတော့ဘူး။ မကြာခဏ ငွေလိမ်ခံရသေးတယ်။ ဒီကြားထဲ စာရေးတာ ဝါသနာပါတော့ ကက်ဆက်ဇာတ်လမ်းလေးတွေက ခေတ်စားချိန်ဆိုတော့ ရေးလိုက်သေးသဗျာ။ 'အမေနွဲ့တို့ကတဲ့အဖွဲ့' ဒေါ်မေနွဲ့ကြီးနဲ့ပေါ့။ ဦးအုံ့ကျော်နဲ့က. . အဲ. . နိုင်လင်းပါသေးတယ်။





'မျက်ရည်လေးတွေစုထားမယ်'၊ 'အချစ်မှတ်တိုင်ပါတယ်'။ အဲဒီကက်ဆက်ဇာတ်လမ်းတစ်ခေတ်မှာ ဦးနီ(မင်္ဂလာစိန်တေးသံသွင်း)အတွက် ကိုကျင်ထွန်းအောင်က စီစဉ်ပေးပြီး၊ ကျွန်တော်တရေးပေါ့။ ကိုကျင်ထွန်းအောင်ဆိုတာကလည်း တခြားလူမဟုတ်ဘူး။ တွံတေးဦးသိန်းတန်ရဲ့တူအရင်း။ ရောနဲ့စသိပြီး၊ သူမိတ်ဆက်ပေးလို့ရေးဖြစ်တာ။ ကျွန်တော့်သားနဲ့ညီတွေကို ဇာတ်လမ်း(၁၀)ပုဒ်ရေးတစ်ပုဒ်ကို နှစ်ရာ၊ ရတဲ့ငွေနှစ်ထောင်နဲ့ရှင်ပြုပေးလိုက်တယ်။

အဲဒီအချိန်မှာ ဝဇီရာပြဇာတ်တွေ ကနေပြီ။ မေတ္တာ၊ ကွမ်းသီးတို့အရှိန်တော်တော်လေးရနေပြီ။ ဗွီဒီယိုတွေ၊ ဘာတွေပါရိုက်နေပြီ။ သူကနေတဲ့ဝဇီရာရုံကို သူဖိနပ်အိတ်ဆွဲပြီး လိုက်သွားတယ်။ 'ကချင်လိုက်တာဗျာ. . မပြောပါနဲ့တော့'။ ကိုယ်နဲ့သိတဲ့လူကလည်း မရှိဘူးလေ။ ကိုမေတ္တာကတော့ မုန့်ဖိုးတစ်နေ့ငါးဆယ်,တစ်ရာပေးပါတယ်။ ကျွန်တော်လည်း ပွဲစားအလုပ်ကိုစွန့်ပြီး၊ သူ့နောက်လျှောက်လိုက်နေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com








## ပလက်ဖောင်းလူရှင်တော်

လှိုင်သာယာကိုရောက်တော့ ချက်ချင်းအိမ်ပြန်မဆောက်နိုင်သေးပါဘူး။

သစ်တွေဝါးတွေ၊ ပျဉ်တိုပျဉ်စတွေ၊ အားလုံးပုံထားပေါ့။

အိမ်ဆောက်ဖို့ထက် ဗိုက်ပြဿနာက အရေးကြီးတယ်လေ။

မနက်စောစောထ၊ ကားတိုးစီး၊ သင်္ဘောတိုးစီးနဲ့ ရန်ကုန်မှာအလုပ်လိုက်ရှာ . . .

တစ်ခါတလေ ပြန်ချိန်မရလို့၊ သင်္ဘောမမီတဲ့အခါမျိုးတွေမှာ စမ်းချောင်းတို့၊ ဟုမ်းလမ်းတို့မှာရှိနေတဲ့အမျိုးတွေအိမ် တစ်ညတလေ အိပ်ပါရစေဆိုပြီး ခွင့်တောင်းတာတောင်း . . .

ဗေဒင်ကိန်းဂဏန်းအရ၊ ခြေနှစ်ချောင်းမဝင်ကောင်းဘူး။ ညအိပ်ညဉ့်နေ လက်ခံလို့မရဘူးပြောလွှတ်လို့ . . .

ကြုံရာသစ်ပင်အောက်၊ ကြုံရာဓမ္မာရုံတွေမှာ ဝင်အိပ်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်တိုင် ပန်းတဉ်းတန်း မွှာရုံဟာ ကျွန်တော့်ရဲ့ခိုနားရာ ညအိပ်ဖဲမွေ့ယာဖြစ်ခဲ့တယ်။

တူတွေ၊ တူမတွေ၊ အမျိုးတွေဆိုလည်း လမ်းတွေ့ရင် ပိုက်ဆံ ချေးမှာစိုးလို့ ရှောင်သွားကြတယ်လေ။

မွှာရုံလူရှင်းတဲ့အချိန်အထိ မယောင်မလည်နဲ့စောင့်နေ . .

လူလည်းရှင်းရော . . ဦးလေးဦးပေါ်ကြွယ်ကိုပြောပြပြီး ဝင်အိပ် . . .

မနက်စောစော လူတွေ့မတွေ့ခင် မွှာရုံက အုတ်ကန်ထဲက ရေနဲ့ မျက်နှာသစ် ပုဆိုးနဲ့သုတ်ပြီး . . . ပြန်ထွက် . . . ခလုတ်တိုက်နဲ့ပေါ့။

မိသားစုကို ပြန်ပေးဖို့နေနေသာသာ ကိုယ်တောင်မနက်စာလွတ်၊ ညစာလွတ်နဲ့။

တစ်ရက်ပေါ့ . . . .

ကိုမေတ္တာဟာ သူ့အိမ်မှာလာအိပ်၊ လာစားတဲ့။

ဘယ်ဖြစ်မလဲဗျာ။

သူ့ဆီမှာက သူ့ညီမအပျိုတွေရှိတယ်။

သူနဲ့ကျွန်တော်က ဆွေရိပ်မကင်းမျိုးရိပ်မကင်းပါ။

ကျွန်တော်က အားနာတော့ တခြားနည်းကိုစဉ်းစားသေးတယ်။

မရတဲ့အဆုံးကျတော့ သူ့စကားကို နားထောင်လိုက်တယ်။

ကျွန်တော့် ဘဝမှာ ကျေးဇူးရှင်စာရင်းထဲမှာ . . . သူက ထိပ်ဆုံးကပါပဲ။






'ကိုမေတ္တာ' ကျွန်တော်တို့ရပ်ကွက်သင်္ကြန်အလှုပြကားမှာ သံချပ်တိုင်သရုပ်ပြ လုပ်နေချိန်မှာ . . . .

ကျွန်တော်က တေးသံရှင်ခင်မာချို အငြိမ့်မှာ 'လူရွှင်တော်' ကနေပြီ။

www.burmeseclassic.com

www.burmeseclassic.com





# ဗီဒီယိုစတင်ရိုက်ကူးခြင်း





## ဗီဒီယိုစတင်ရိုက်ကူးခြင်း

၁ သူက ဗွီဒီယိုမင်းသား၊ ဝဇီရာပြဇာတ်မှာကနေချိန်၊ ကျွန်တော်က သူ့နောက်လိုက်ပြန်ဖြစ်နေတယ်။

အရင်က ကျွန်တော် ပွဲကနေရင် ဇာတ်စင်အောက်က လိုက်လိုက်ကြည့်တယ်။

အခု သူပွဲကရင်၊ သူကားရိုက်ရင် ကျွန်တော်ကပြန်ကြည့်နေရတယ်။

ဘယ်နေရာ၊ ဘယ်ပြက်လုံးဆိုပြီး၊ နောက်ကပြောပြပေးရတယ်။

တစ်ရက်ပေါ့. .

ဒါရိုက်တာပြကွဒိန်မောင်မောင်စိုးရိုက်တဲ့ 'သကြၤန်ဖူးစာ' ဇာတ်ကားမှာ အဓိကမင်းသားက ကိုမေတ္တာ၊ မင်းသမီးက ခင်သန်းနွယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကားမှာ ပထမဦးဆုံးတစ်ခန်းပါဝင်ခွင့်ရတယ်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း သံယောဇဉ်ကြီးတယ်ဗျ။

ကိုယ်တောင် မနည်းလုပ်နေရတဲ့အချိန်မှာ ကျွန်တော့်ကောင်'ဇရာ' ကို မပါ,ပါအောင် ဒါရိုက်တာရော၊ မင်းသားရောကို မနည်းပြောပေးလို့၊ ဒီကောင်ဆရာဝန်ခန်းက တစ်ခန်းပါလိုက်ရတယ်။

နောက် ဒုတိယကား ဒါရိုက်တာ သန်းဇော်ရိုက်တဲ့ 'မိုးရဲ့အေးမ'၊ မင်းသားက ကိုမေတ္တာ၊ မင်းသမီးက မူမူမြင့်ရှိန်(ယခု ခင်နွဲ့နွဲ့မူ)ဆိုပြီး၊ ကုမ္ပဏီထောင်ထားသူ။

အဲဒီအချိန်မှာပဲ လမ်းကြောင်းလေးကပွင့်ချင်လာတော့ ဒါရိုက်တာစိန်သံမဏိနဲ့မျော်ဘီကိုးလုံးကွင်းမှာ နှစ်ကားရိုက်ရတယ်။ တစ်ကားကို သုံးထောင်ရတယ်။

အဲဒီပိုက်ဆံလေးနဲ့ပဲ လှိုင်သာယာ အိမ်လေးကို လောလောဆယ်လူနေဖြစ်ရုံလေး ဆောက်ဖြစ်သွားတယ်။

မဆောက်လို့လည်း မရတော့ဘူး။ တစ်ရပ်ကွက်လုံး အိမ်တွေဆောက်ပြီးနေပြီ။ ကျွန်တော့်အိမ်တစ်လုံးပဲ ကျန်တော့တယ်။

မိုးကလည်းကျနေပြီ။ သွပ်ပြားအစုတ်လေးတွေကို ယာယီမိုးပြီး မိသားစုက မိုးရွာရင် အစို၊ နေပူရင် အခြောက်နဲ့ဖြစ်သလိုနေ,နေရတာကိုး။

နှစ်ဖက်မိဘတွေကိုလည်း အားမကိုးပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ နှစ်ဖက်လုံးက သဘောမှမတူဘဲ။ ကျွန်တော့်မိန်းမက အင်မတန်သတ္တိရှိတယ်။ သူချစ်လို့ယူထားတဲ့ အနုပညာသမား တစ်ယောက်ရဲ့ဘဝကို ကျွန်တော်နှင့်အတူ ရင်ဆိုင်ဖြေရှင်းတယ်။

သူဖောက်ပြန်ချင်ရင် အလွယ်လေး။





လက်တွဲဖြုတ်ချင်ရင် အလွယ်လေး။ သူ့မိဘဆီပြန်သွားရုံပဲ။ မသွားဘူးဗျာ. . ဘဝကိုကြံ့ကြံ့ခံတယ်။


(လှိုင်သာယာအိမ်ကိစ္စကတော့ ကျွန်တော့်ရဲ့ ပထမစာအုပ် "ထူးထူးရှယ် ဒိုင်ယာရီ" ထဲမှာ ပါပြီးသွားပါပြီ)

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com








## ဗီဒီယိုနဲ့မျှစ်ကြော်

အဲဒီလိုနဲ့ ပန်းဆိုးတန်း ကိုတင်လှိုင်လက်ဖက်ရည်မှာ ဒါရိုက်တာတော်တော်များများ ထိုင်တတ်တယ်။ အနုပညာသမားတွေ တော်တော်များများ ထိုင်ဘတ်တယ်ဆိုလို့ သွား,သွားထိုင်ရသေးတယ်။ ဘယ်သူနဲ့မှတော့ သိပ်မသိပါဘူး။ ပြုံးပြ၊ ရယ်ပြ၊ ကိုယ့်တိုယ်ကိုယ် မိတ်သွားဆက်ပေါ့လေ။

နောက်တော့ ဒါရိုက်တာဦးမြင့်ကျော်၊ ဦးဆွေဆက်၊ ထွန်းအောင်ဇော်၊ ဦးသန်းဖေလေးစသည်ဖြင့် ရင်းနှီးပြီး၊ ကားတွေ တစ်ခန်းစ၊ နှစ်ခန်းစရိုက်လာရတယ်။ လှိုင်သာယာအိမ်တော့ မပြန်တော့ပါဘူး။

ပန်းလှိုင်အိမ်ရာ(ယခင်)ဟုမ်းလမ်းက ဦးလေးတစ်ဦးရဲ့ အိမ်ရှေ့ဝရန်တာမှာ ကျောတစ်နေရာစာလေးနေခွင့်ရခဲ့တယ်။

သူတို့က ကလေးမရှိဘူးလေ။ ထမင်းကြော် ရောင်းတယ်။ မနက်စောစောထ၊ ဆိုင်ဝိုင်းခင်း၊ ပြီးမှ ရိုက်ကွင်းရှိရင် သွား၊ မရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းဆိုးတန်း ကိုတင်လှိုင်ဆိုင်သွားထိုင်၊ ညနေပြန် ပေါ့။

အဲဒီတုန်းကဗျာ. . မှတ်မိနေသေးတယ်။ ကျွန်တော့်ရဲ့ တူတွေ၊ တူမတွေနဲ့ ကားလမ်းမကြီးပေါ်မှာ မျက်နှာချင်းဆိုင်တွေ့တာ တောင် သူတို့လေးတွေက ရှောင်သွားကြတယ်။ ပိုက်ဆံချေးမှာ စိုးလို့၊ ထမင်းကျွေးရမှာစိုးလို့၊ ဒါလည်း သူတို့အပြစ်မဟုတ်ပါဘူးလေ။

ကိုယ်က ဘာကောင်မှမဖြစ်သေးတာပဲ။ ဖြစ်လည်း ဖြစ်လာ ရော၊ ကိုယ်တောင် သူတို့ကို မတွေ့ပါဘူး။ လူကြားထဲ အတင်း လက်ဝင်ဆွဲပြီး ပါလာတဲ့သူတို့သူငယ်ချင်းတွေကို. .

"အဲဒါ ငါတို့လေးလေးကွ. ."

ဆိုပြီး မိတ်ဆက်ပေးတယ်။

"အမေတို့က ထမင်းလာစားပါဦး. ."

တဲ့လေ။ ထမင်းဆိုလို့ မှတ်မိနေသေးတယ်။

တစ်ရက်ပေါ့။ ညနေပိုင်း ကျွန်တော်အပြင်က ပြန်လာတော့ အဒေါ်ဖြစ်သူက ဟင်းပန်းကန်ကို စားပွဲအောက်ထဲဝှက်ထားလိုက် တယ်။ ဦးလေးကတော့ မသင့်တော်ဘူးထင်လို့နဲ့တူပါတယ်။ ဝတ်ကျေ တန်းကျေ. ,

"ဟော့ကောင်. . တစ်ခါတည်း ဝင်စားပါလား. ."

လို့တော့ ခေါ်ပါတယ်။

ဆာလိုက်တာဗျာ။ မပြောပါနဲ့။ ပိုက်ဆံကလည်း မရှိဘူး လေ။ ကားရိုက်လို့ ပိုက်ဆံလေးနည်းနည်းရလာရင် လမ်းထိပ်က ဦး ရွှေကြီးတွန်းလှည်းနဲ့ ရောင်းတဲ့ဆီမှာ မှျစ်ကြော်တစ်ကျပ်ဖိုး၊ ငါးပိ ကြော်တစ်ကျပ်ဖိုး၊ ထမင်းဖြူငါးမူးဖိုးနဲ့. . စား၊ တို့စရာလေး ဘာလေး နဲ့ဗိုက်ပြည့်သွားရော။

ပိုက်ဆံမရှိတဲ့ရက်ကတော့ ရေအဝသောက်ပဲ။

တစ်ပတ်နေ၊ နှစ်ပတ်နေမှ လှိုင်သာယာက ထူးသခင်လိုက်





လာ၊ စုဆောင်းထားတဲ့ငွေလေးပေးလိုက်၊ သူက ပြန်သွား။

တစ်ခါကလည်း ကားကမရိုက်ရ၊ ဗိုက်ကလည်း **အရမ်း** ဆာနေတော့ . . .

'ဟယ်. . မတတ်နိုင်တော့ဘူး. . . မင်္ဂလာဦးတုန်းက ဝတ် တဲ့ လည်ကတုံးရှပ်အဖြူလက်ရှည်လေးကို ညဈေးတန်း အထည် ဟောင်းဆိုင်မှာ သွားရောင်းတော့ နှစ်ဆယ်ရတယ်။ အဲဒီနေ့က ငါးကျပ်ဖိုး၊ ဝက်သားဟင်းနဲ့ ထမင်းစားပြီး ပိုတဲ့တစ်ဆယ့် ငါးကျပ်ကို ထူးသခင်ဆီ ပို့လိုက်တယ်။

နောက် သိပ်မကြာပါဘူး ဗျာ။ နှစ်ရက်လားပဲ။

ဒါရိုက်တာ ဦးဒေါနရိုက်တဲ့ကားမှာ လည်ကတုံး ဝတ်ရမယ် တဲ့ . . သွားပြီ။

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး. . မင်းသားက ကျော်ရဲ အောင်၊ မင်းသမီးက ဇင်မာဦး၊ ကားနာမည်က 'ကံဆောင်တဲ့ဖူးစာ'၊ အရင်းနှီးဆုံးသူငယ်ချင်းရဲ့အဖေဆီက ငှားဝတ်လိုက်တယ်။ မတော် တာမှ တော်တော်ကြီးကို မတော်တာပါဗျာ။ ပွပွကြီး. . လက်ခေါက် ဝတ်ပေါ့လေ။

ဘဝများ ပြောပါတယ်။ မရောင်းခင်က ရိုက်လိုက်ရရင် ပိုက်ဆံလည်းရဦးမယ်။ မျက်နှာလည်း မငယ်ရတော့ဘူးပေါ့ဗျာ။

တစ်ခါတလေ ညဘက် Night Seen များရိုက်လို့ကတော့ စိတ်အဆင်းရဲဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်နေရာက သူများ အိမ်၊ ကိုယ့်အိမ်ဆိုရင်. .

"မိန်းမရေ. . ပြန်လာပြီဟေ့. . တံခါးဖွင့်စမ်း. ."

ဆိုပြီး ဖွင့်ခိုင်းလို့ရတယ်။ မသကာ 'မိန်းမ မနိုးတောင် သားသမီးတစ်ယောက်,ယောက်ကတော့ ထဖွင့်ပေးမှာပဲ. .'။

ခုဟာက သူများအိမ်၊ ဦးလေးပေါ့ဗျာ။ အဖေ့ရဲ့ညီအရင်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်၊ ရောက်တဲ့အချိန်က နှစ်နာရီ။ မသိမသာ တံခါးလေးခေါက်ကြည့်တယ်။ နိုးတယ်ဗျ. . ဒါပေမယ့် မဖွင့်ပေးဘူး။ အိပ်ချင်ယောင်ဆောင်နေတယ်။ အဲဒီနှစ်နာရီထဲက အောက်ထပ်လှေကားထစ်ခွေးခါးထစ်အောက်ပေါ့လေ။ အဲဒီနေရာမှ ပုဆိုးလေးခြုံပြီး ငုတ်တုတ်ထိုင်ရတယ်။ နံနက်လေးနာရီမှ သူတို့ထမင်းကြော်ဆိုင်ဖွင့်တယ်။ ဆိုင်ခင်းတယ်ပေါ့။

အဲဒီတော့မှ. . .

"ဟာ. . မင်းကလည်း နှိုးရောပေါ့ကွာ. ."

တဲ့။ တံခါးခေါက်ရလွန်းလို့ လက်တွေလည်း ပွန်းပဲ့နေပါပြီ။

"အဟဲ. . ရပါတယ်. . ဦးလေးတို့က အစောကြီးထပြီး. . ဆိုင်ဖွင့် ဈေးရောင်းရတာဆိုတော့ အားနာလို့ မနှိုးတော့ပါဘူး"

ဆိုပြီး ဆိုင်ဝိုင်းခင်းပေးလိုက်တာ၊ မနက်(၇)နာရီနဲ့ (၈) နာရီရောက်သွားရော။ မျက်နှာသစ်ရုံရှိသေးတယ် ရှူတင်ကားလာကြိုတော့ ပြန်ပါသွားရောဗျာ။

တစ်နေကုန်ကားရိုက်တော့ ဘယ်လာ အိုက်တင်ပါတော့မလဲ။ အတင်းကုန်းရုန်းပြီး၊ ကြိုးစားသရုပ်ဆောင်ပေါ့။ နို့မို့ နောက်ကားတွေ ခေါ်မှာမဟုတ်တော့ဘူး။ ဘယ်သူ့ဘယ်သူကိုမှ အပြစ်မတင်တော့ပါဘူး။ အတိတ်ရဲ့ကံက ပါလာတာကိုး။

တစ်ခါတလေများ ရေချိုးချင်ရင် မိုးရေစောင့်ချိုးရတာပါသေးတယ်။ သူတို့က ရေပိုက်နဲ့လိုက်ထည့်တာလေ။ ရေတစ်စည်ကို ဘယ်လောက်ပေါ့။ မျက်နှာသစ်ကို ရေနှစ်ခွက်လောက်ဖြစ်သွားရင် ဦးလေးမိန်းမက အပေါ်ထပ်က အော်ပြီသာမှတ်။

"ဟဲ့ . . ရေကြည့်သုံး . . ရေတစ်တိုင်ကီ ဘယ်လောက်မှတ်လဲ. ."





"ဪ. . ဒုက္ခပါပဲ. . မနေ့ကပဲ ငါဝယ်ထည့်ထားပါသေးတယ်. . မျက်နှာသစ်တာလောက်နဲ့ မကုန်နိုင်ပါဘူး. ."

ဆိုပြီး ဒေါသဖြစ်မိသေးတယ်။ လမ်းထဲ၊ ရပ်ကွက်ထဲက ကလေးတွေကလည်း ကျွန်တော်စားနေကျ မျှစ်ကြော်ကိုအစွဲပြုပြီး၊ ကျွန်တော့်တွေ့ရင်. . .

"ဦးလေးမျှစ်ကြော်. . ဒီနေ့ ဗီဒီယိုမရိုက်ဘူးလား. ."

တဲ့။

www.burmeseclassic.com

www.burmeseclassic.com








## ရုပ်မြင်သံကြားအငြိမ့်

ကြား ဖြတ်ပြောရဦးမယ်။ ကျွန်တော် ဟုမ်းလမ်းမှာ အိမ်မဖျက်ခင်ကပေါ့။

ရုပ်မြင်သံကြားပေါ်ကာစ မြပုဏ္ဏမာ၊ မိုးနတ်သူဇာ၊ တစ်ခိုင်လုံးရွှေဆိုတဲ့ ရုပ်မြင်သံကြားအငြိမ့်တွေ ခေတ်စားချိန်ပေါ့။

ကျွန်တော်နဲ့ကျွန်တော့်တပည့်ဇရာနဲ့တိုင်ပင်တယ်။ ငါတို့လည်း အငြိမ့်ရိုက်ရအောင်ဆိုပြီး၊ သူက သူ့အမေအပ်ချုပ်စက်လား၊ နားကပ်လား၊ ဘာလဲတော့မသိဘူး၊ တစ်ခုခုပဲ သွားပေါင်တယ်။

ကျွန်တော်ကတော့ ကျွန်တော့်မိန်းမနားကပ်ပေါင်ပြီး 'မြပုလဲသွယ်' ဆိုတဲ့အငြိမ့်ရိုက်ဖို့ ကြိုးစားတယ်။ မြန်မာ့အသံက တက္ကသိုလ်ဦးဟန် မြတ်မော်ဆီကို သွားရတာဗျ. . အကြိမ်ကြိမ်ပေါ့။

ကုန်လိုက်တဲ့ စရိတ်တွေ၊ မြေနီကုန်းက မိုးနတ်မယ်တို့ အလင်းရောင်ဆိုင်တွေမှာ။ အဲဒါနဲ့ပဲ အငြိမ့်ရိုက်ဖြစ်သွားတယ်ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



လူရွှင်တော်တွေက ကျော်ထူး၊ ဇေရာ၊ ရွှင်ပြုံး(အောင်ပန်း)၊ မင်းသမီးက ပန်တျာခင်သီတာမြင့်(ဇေရာ့အမျိုးသမီး)၊ အဲဒီတုန်းက သူတို့အိမ်ထောင်မကျ သေးဘူး။ အငြိမ့်ရိုက်တော့ အလုပ်တစ်ခုက ပိုလာပြန်ရော၊ ဘယ်နေ့ကိုယ့်အငြိမ့် ရုပ်မြင်သံကြားမှာပြမယ်ဆိုတာ သတင်းစာကြည့်ရတာ အမော။ တစ်ရက်ကျတော့ 'မြပုလဲသွယ် အငြိမ့်အဖွဲ့ဖျော်ဖြေခန်း'ဆိုပြီး ပါလာပြီဗျ။ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့. . .။

ကိုယ့်အိမ်မှာက TV မရှိတော့ ဘယ်အိမ်ကများ TVဖွင့်မလဲဆိုပြီး၊ တစ်ရပ်ကွက်လုံး အိမ်တိုင်းစေ့လိုက်ကြည့်တော့ ဘယ်အိမ်ကမှ TVမဖွင့်ဘူး။ ဖွင့်တဲ့လူကျပြန်တော့လည်း အငြိမ့်လာခါနီးလည်းကျရော၊ ပိတ်ပစ်လိုက်ရောဗျာ။ ဘာဖြစ်လို့ပါလိမ့်လို့ စဉ်းစားလိုက်တော့ အဲဒီအချိန်က မိုးနတ်သူဇာတို့၊ တစ်ခိုင်လုံးရွှေတို့ကျမှ ဖွင့်ကြတာကိုး။ ကျွန်တော်တို့အငြိမ့်က အဖွဲ့ကလည်း အသစ်၊ လူရွှင်တော်၊ မင်းသမီးတွေကလည်း အသစ်တွေဆိုတော့ ဘယ်သူမှစိတ်မဝင်စားဘူး။ အဲဒါနဲ့တစ်ရပ်ကွက်လုံး ဘယ်သူကြည့်ကြည့် ကြည့်လို့ရအောင်ဆိုပြီး၊ သမဝါယမရုံးမျက်နှာစာမှာ ပြနေတဲ့ ရုပ်မြင်သံကြားကို ကမန်းကတန်းပြေးကြည့်ရတယ်။ ဘေးပတ်ဝန်းကျင်ကိုပြန်ကြည့်လိုက်တော့ ဆော့နေတဲ့ကလေး လေးငါးယောက်ရယ်၊ ခွေးတွေရယ်၊ ကျွန်တော်ရယ်ပဲရှိတယ်။ ကြည့်မယ့်လူမရှိဘူး။ အဲဒီလောက်အောင်မြင်တာဗျ။

ဟော . . . ရုပ်မြင်သံကြားမှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန်ရဘဲ ရိုက်ဖြစ်ချင်တော့ ဒီလိုဗျ. . ခုနှစ်သက္ကရာဇ်တော့ မမှတ်မိတော့ဘူး။ ပြည်ထောင်စုနေ့ဂုဏ်ပြုအငြိမ့်ဆိုပြီး၊ တစ်ခိုင်လုံးရွှေအေးအေးမြင့်အငြိမ့်ရိုက်တော့ ဆရာတက္ကသိုလ်ဟန်မြတ်မော်က ကျွန်တော်တို့အုပ်စုကို ဆိုင်းပစ္စည်းတွေ စတူဒီယိုထဲသယ်ခိုင်းရော၊






အဲဒီအချိန်မှာ ကိုမေတ္တာက မော်လမြိုင်သွားနေလို့၊ လူစားထိုးတဲ့ သဘောမျိုးနဲ့ ကျွန်တော်တို့အုပ်စုကို ဝင်ရိုက်ခိုင်းတယ်။ မိတ်ကပ်လိမ်းတဲ့အခန်းထဲမှာ မိတ်ကပ်ဆရာ ဦးကြွယ်လိမ်းပေးနေတုန်း မျက်ရည်တွေကျလာတယ်။ ဝမ်းသာလွန်းလို့ပါ။

ကျွန်တော်တို့ပဲ ကြိုးစားလို့လား၊ ကံတရားကပဲ တွန်းပို့သလား မသိပါဘူး။ အဲဒီပြည်ထောင်စုအငြိမ့်မှာ 'ဖေဖေကြီး. . ဖေဖေကြီးကို ချစ်တယ်' ဆိုတဲ့ပြက်လုံးတစ်ခွင်ဟာ ပရိသတ်ရင်ထဲရောက်သွားပြီး ကျွန်တော်တို့ကို အသိအမှတ်ပြုခြင်း စတင်ခံစားလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com








## ရုပ်ရှင်ကားကြီးဘက်လှည့်ခြင်း

'ရှင်ပြုံး'ဆိုတဲ့ကောင်ကိုလည်း ဆရာတက္ကသိုလ်ဦးဟန်မြတ်မော်က နာမည်ပြောင်းပေးလိုက်တယ်။ 'အောင်ပန်း'ဆိုပြီး တစ်ခိုင်လုံးရွှေအငြိမ့်မှာ လူရှင်တော်တစ်ဦးထပ်တိုးသွားတယ်။ အဲဒီတုန်းက လူရှင်တော်တွေက ကွမ်းသီး၊ လေးမောင်၊ စွပ်ပရား၊ ကျော်ထူး၊ ရော၊ အောင်ပန်းပေါ့။ ပထမတစ်ရက်ရိုက်ပြီး၊ ဒုတိယမြောက်မှာ ကိုမေတ္တာပြန်ဝင်လာပါတယ်။ အဲဒီကစပြီး၊ ရုပ်မြင်သံကြားမှာ ဇာတ်လမ်းတို၊ ဇာတ်လမ်းရှည်၊ အငြိမ့်စသည်ဖြင့် ကျွန်တော်တို့ပါဝင်ခွင့်ရခဲ့တယ်။

အဲဒီနောက်ပိုင်း ရုပ်ရှင်၊ ဗွီဒီယိုဘက်ကိုကူးပြောင်းခဲ့ပါတယ်။ ရုပ်ရှင်ကားကြီးမှာတော့ ပထမဦးဆုံးရိုက်တဲ့ 'မင်းသားတော့မင်းသား'ဆိုတဲ့ကားကြီးမှာ တစ်ခန်းပါဝင်ခွင့်ရခဲ့တယ်။ နောက်ဒါရိုက်တာစိန်သံမဏိရိုက်တဲ့'သားနဲ့သွေး'၊ 'ဒီဇိုင်းအသစ်နဲ့ချစ်ပြမယ်'. . 'သားနဲ့သွေး'ဆိုတဲ့ကားကြီးမှာ တစ်ဇာတ်ကားလုံး စတား



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးမှမပြောရဘူး။ မင်းသားရဲ့တပည့် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းမှာ လျှောက်ပြေးနေရတာနဲ့ အချိန်ကုန်သွားတယ်။ ဇာတ်သိမ်းလည်း ကျရော၊ ရဲထံ လက်နက်ချရင်း၊ စကားတစ်လုံး ပြောလိုက်ရတယ်။ 'ကျွန်တော် လက်နက်ချပါတယ်' . . အဲဒီစကား တစ်လုံး ပြောလိုက်ရတယ်။

အဲဒီဇာတ်ကားကြီးရိုက်တုန်းကလည်း ကံကောင်းလို့မသေ တယ်။ တပ်မတော်က နောက်ကလိုက်၊ ကျွန်တော်တို့အဖွဲ့က ရှေ့ ကပြေးပေါ့။ မိုးကြိုးပစ်ရွာနားက ရေတံခွန်အသေးစားလေး၊ ခြေ ထောက်တစ်ချောင်းချစာပဲ အုတ်ခုံလေးက၊ အောက်က ရေတံခွန် ဘယ်လောက်နက်တယ်မသိဘူး၊ အဲဒီအုတ်ခဲလေးပေါ်က ဒါရိုက် တာက ဖြတ်ပြေးခိုင်းတယ်။ မတော်လို့ခြေချော်လက်ချော်ပြုတ်ကျ ရင် ပြဿနာ၊ ကျွန်တော်က ရေမကူးတတ်ဘူး၊ ချွေးတွေတစ်ကိုယ် လုံးရွှဲနစ်နေပြီ။ ရုပ်ရှင်ကားကြီးဆိုတော့ ရိုက်လည်းရိုက်ချင်၊ ခုနက ရေတံခွန်ကိုလည်း မဖြတ်ရဲ၊ ဘာလုပ်ရမှန်းမသိဘူးဖြစ်နေတယ်။ ဒါရိုက်တာကလည်း ကင်မရာမှင်းဘကြီးစံ(အကယ်ဒမီကျော်ကျော်ဖြူ ရဲ့ဖခင်)ကို ကြိုးကရိန်းတွေဆင်၊ ဘယ်ကဘယ်လိုယူမယ်၊ သူပုန် အဖွဲ့က ဘယ်လိုဖြတ်ပြေး၊ တပ်မတော်စစ်ကြောင်းက ဘယ်ကို လိုက်မယ်နဲ့ သင်ကြားပြောဆိုနေတယ်။

"အားလုံးအဆင်သင့် . . ကင်မရာ ရယ်ဒီ . ."

ဆိုတဲ့အသံလည်းကြားရော၊ ကျွန်တော်ဒူးတွေတဆတ် ဆတ်တုန်လာတယ်။ 'အို . . သူများတွေတောင်လုပ်ရဲသေးတာ . . ငါ ဘာလို့မလုပ်ရဲရမှာလဲ . . ရေနစ်လည်း လူတွေအများကြီးဝိုင်းကယ် မှာပဲ . .'ဆိုပြီးကိုယ့်ကိုယ့်ကိုယ် အားပေးလိုက်တယ်။

"ပြေး"

ဆိုတဲ့ဒါရိုက်တာရဲ့အသံလည်းကြားရော၊ သေနတ်ဒင်ကို





ပါးကပ်ပြီး ကျွန်တော်ပြေးတော့တာပါပဲ။ 'ဗွမ်းဗွမ်း . . ဗွမ်းဗွမ်း'နဲ့ ရေသံခြေသံတွေကြားထဲမှာ 'ဝုန်း . . အုန်း . . ဒိုင်း'ဆိုပြီး ရေထဲမှာ ဘယ်အချိန်က မြုပ်ထားတယ်မသိပါဘူး၊ ရေမိုင်းတွေခွဲတော့ ယောင်ပြီး၊ ခုန်လိုက်တာ တည့်တည့်မှ တည့်တည့်ဗျာ။ ရေတံခွန် ထဲ ပြုတ်ကျ၊ ခြေထောက်လှမ်းထောက်လိုက်တော့ မမီဘူး။ ရေထဲ လူတစ်ရပ်ကျော်ကျော်'ဗွားခနဲ'ကျွန်တော်ပြန်ပေါ်လာတော့ ခုနက ဖြတ်ပြေးတဲ့အုတ်ခုံလေးတွေရော၊ ဝမ်းသာအားရနဲ့ပြန်တက်မလို့၊ အုတ်ခုံလေးပေါ်လည်း လက်ကရောက်ရော၊ ဖြတ်ပြေးတဲ့လူဆိုး အဖွဲ့က လက်ကိုတက်နင်းရောဗျ။ နာတော့ ပြန်လွှတ်ပြန်မြုပ်၊ ပြန်ပေါ်၊ လက်ပြန်တင်၊ တပ်မတော်အဖွဲ့ထပ်ဖြတ်၊ ထပ်နင်း၊ ပြန် လွှတ်၊ ပြန်မြုပ်နဲ့ မြုပ်ချည်ပေါ်ချည်နဲ့။ နောက်ဆုံး ရေတံခွန်မှ တွဲလောင်းကြီးကျန်ခဲ့ပါရော။ ဒါရိုက်တာက ဆူလိုက်ပြောလိုက်တာ မပြောပါနဲ့တော့ဗျာ . . .။

www.burmeseclassic.com

www.burmeseclassic.com



# ဒါရိုက်တာလုပ်မိခြင်း





## ဒါရိုက်တာလုပ်မိခြင်း

ကျွန်တော်က လူတစ်မျိုးဗျ။ ဘာပဲလုပ်လုပ် လုပ်ချင်တဲ့စိတ်လေး(တခြားမတွေးပါနဲ့)စာရေးခြင်းက ကားရိုက်ခြင်းကိုပြောတာပါ။

အဲ. . ခုနက စိတ်လေးပေါ့။ ပေါ်ပေါက်လာပြီဆိုတာနဲ့ အချိန်ရယ်၊ အခါရယ်၊ ဖြစ်နိုင်ဓါ၊ မဖြစ်နိုင်ဓါဝေဖန်သုံးသပ်မနေတော့ဘူး။

'ဆင်ကန်းတောတိုး'ပဲ မှန်တယ်ဆိုရင် ပီတိတွေဖြစ်ပြီး မှားရင် ဘယ်အတိုင်းအတာအထိ ခံရ ခံရ ခံပစ်လိုက်တယ်။

ခုလည်း ကြည့်လေ၊ ကျွန်တော့်ရင်ထဲမှာရှိနေတဲ့ဇာတ်လမ်းလေးတစ်ပုဒ်ကို ဒါရိုက်တာတော်တော်များများ လိုက်ပြောပြ၊ ရှေပြီးသား လေးပေးဖတ်၊ ကုမ္ပဏီတွေလည်း ဒီအတိုင်းပါပဲ။ ဘယ်သူ ဘယ်သူမှ စိတ်မဝင်စားကြဘူး။

ကြာလာတော့ ရင်ထဲမှာ မခံစားနိုင်တော့ဘူးဗျာ. . ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ရာ ဖြစ်၊ ကိုယ့်ဘာသာကိုယ်ငွေထုတ်၊ ကိုယ်တိုင်ဒါရိုက်တာလုပ်ပြီး ရိုက်မယ်ဟဲ့ဆိုပြီး၊ ဆုံးဖြတ်လိုက်တယ်။

'အဲ ... လောလောဆယ် ကားရိုက်ဖို့ နေနေသာသာ ကန်တော့ပွဲပေးဖို့တောင် တစ်ပြားမှမရှိဘူး..

ဒီတော့ ကျွန်တော် ဘာလုပ်တယ်မှတ်လဲ..လှိုင်သာယာမှာရှိနေတဲ့ ကျွန်တော့်မိဘတွေရဲ့အိမ်ဂရန်ကို ခြောက်ကျပ်တိုးနဲ့ ပေါင်ပစ်လိုက်တယ်။

ဖြစ်ပြီ...လုပ်ငန်းစလို့ရပြီပေါ့။

ကျွန်တော့်ဇနီးထူးသခင် ကိုတော့ ဘယ်ကုမ္ပဏီက ငွေပေါ့..ကားနာမည်က 'ငွေဆယ်သိန်း နဲ့လူလေးယောက်' ...

(၃၅)လမ်းထဲက ရှမ်းရိုးရာစားသောက်ဆိုင်မှာ စာနယ်ဇင်းသမားတွေဖိတ်ပြီး .. ကန်တော့ပွဲတစ်ခု ဖန်တီးလိုက်တယ်။

အဲဒီ ကန်တော့ပွဲမှာ ဘယ်သူကပြောလိုက်တယ်မသိပါဘူး..ကျွန်တော့် မွေးသဖခင်အဖေ ရောက်လာတယ်။ ကျွန်တော် တော်တော်လေး ထုန်လှုပ်သွားတယ်။

'ဘာကြောင့် အဖေလိုက်လာတာလဲ'

လို့ မေးတော့ အဖေက ပြုံးပြုံးကြီးနဲ့..

"ငါ့သား ဒါရိုက်တာလုပ်တယ်ကြားလို့ပေါ့ကွ.."

တဲ့။

အဲဒီတော့မှ ကျွန်တော်လည်း ပြုံးနိုင်တော့တယ်။ ဒါနဲ့ကမန်းကတန်း..

"ရော့အဖေ...ဒါက အဖေ့အတွက်..ဒါက အမေ့အတွက်.."

ဆိုပြီး .. ငွေနှစ်သောင်း ကန်တော့လိုက်တယ်။





အဲဒီတုန်းက များဗျာ...အဖေရဲ့အပြုံးကြီးတွေ အတုံးလိုက်၊ အတစ်လိုက်နဲ့ မြင်စေချင်တယ်။

'ငါ့သား..ဒါရိုက်တာကွ..'

ဆိုတဲ့မျက်နှာကြီးနဲ့ ခေတ်ပုံတွေကလည်း တဖျပ်ဖျပ်နဲ့ပေါ့..။

ကင်မရာမင်းစရံပေး၊ စက်တွေ စရံပေး၊ သရုပ်ဆောင်စရံပေးနဲ့ပေါ့...ရိုက်ဖြစ်ပြီဆိုပါတော့..

အရင်တုန်းက စကား တစ်ခု ကြားဖူးတယ်ဗျာ.. မိတ်ဆွေကောင်းစစ်မစစ်ဆိုတာ ခရီးအတူသွားဖူးမှ.. အရက်အတူ သောက်ဖူးမှ.. ဖဲအတူရိုက်ဖူးမှတဲ့..

ခုဟာက ပြောင်းပြန်ကြီး..

အဲဒီအဆင့်မရောက်လိုက်ဘူး..ကားအတူတွဲရိုက်ဖူးတော့မှ သိရတာ..တော်တော်လေးရင်းနှီးတဲ့မိတ်ဆွေပါ..

သူကား ရိုက်တုန်းကဆိုရင် ကျွန်တော်လိုအပ်တာ ဝိုင်းလုပ်ပေးတယ်။ မော်နီတာကအစ ကြည့်ပေးတယ်။ သူ မအားရင် ဒါရိုက်တာအနေနဲ့ဝင်ရိုက်ပေးတယ်။ ကြော်ငြာစပွန်ဆာလိုတယ် ဆိုလည်း ကိုယ်တိုင်ဆိုင်ကယ်နဲ့ လိုက်ရှာပေးတယ်။

ခု ကျွန်တော်လည်း ဒါရိုက်တာလုပ်ရော၊ မျက်နှာရော၊ လေသံပါပြောင်းသွားရုံတင်မကဘူး။ တကယ့်ဆရာကြီးတစ်ဆူလိုပဲ။

ဒရင်းဘက်ကြီးနဲ့ထိုင်ရာကမထဘူး။ ရိုက်ခါနီး သွားသွားပြောရတယ်။ ရိုက်ကွင်းပေါ် ကိုလည်း ရောက်ချင်တဲ့အချိန် ရောက်တယ်။

ဪ..မိတ်ဆွေကောင်းဆိုတာ ဒါမျိုးကိုးလို့ ရင်ထဲမှာ အသိအမှတ်ပြုလိုက်တယ်။ ရင်ထဲမှာ မကောင်းလိုက်တာဗျာ..။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဒါလေးလုပ်ချင်လို့ ထလုပ်တာပါ။

ဒါရိုက် တာလုပ်ချင်လို့ မဟုတ်ပါဘူး။ ပင်ပန်းလိုက်တာ.. ကိုယ်တိုင်ရိုက်၊ ကိုယ်တိုင်ဇာတ်ခွဲ၊ ကိုယ်တိုင်သရုပ်ဆောင်၊ အခြားသူများကားတွေ ဝင်ရိုက်ရတာ စိတ်တစ်ခုပဲ ပင်ပန်းတယ်။ ခုဟာက အားလုံးပင်ပန်း တာ၊ မိသားစုပါ မနေရဘူး။ ကားသာ ရိုက်နေရတာ၊ စိတ်က ခု လောက်ဆို အတိုးက ဘယ်လောက်ရှိနေပြီလဲ!.. ရိုက်တဲ့ရက်နဲ့ ကားဆက်အပြီး၊ ဆင်ဆာတင်၊ ဆင်ဆာပြင်ဆင်ချက်ပြန်လုပ်၊ ပြန် တင်၊ ကုမ္ပဏီတွေလိုက်ပြန်ရောင်း၊ ရမှာနဲ့ ရက်တွေတွက်လိုက်ရင် 'အမလေး..' ညညတော်တော်နဲ့ အိပ်မပျော်ဘူး။

ဒီကြားထဲ နက်ဖြန်ဘယ်မှာ ရိုက်ရမယ်။ ရိုက်ခွေဘယ်လောက်ထပ်ဝယ်ရဦးမလဲ။ ဘယ်သူကတော့ဖြင့် နေ့ဝက်ပဲရမယ်။ ဘယ်သူက ဘယ်ရက်အထိပဲရမယ်။

အကယ်၍ မပြောကောင်း၊ မဆိုကောင်း၊ ဒီ ဇာတ်ကားကို ပြန်ဝယ်မယ့်လူမရှိရင် အဖေတို့အိမ် ဂရံလေး ဘယ်လိုပြန်ရွေးပေးရပ။ မရွေးနိုင်လို့ဆုံးသွားရင် အဖေနဲ့ အမေ အသက်ကြီးမှ လမ်းဘေးမှာ ပစ္စည်းတွေပုံပြီး၊ ကျွန်တော့်ကို ကောင်းကောင်း မေတ္တာပို့ပြီး၊ ငိုနေမှာ ကြိမ်းသေပဲ..

ဆိုပြီး မျက်လုံးထဲမှာ ပြေးပြေးမြင်နေမိတယ်။

ရိုက်ကွင်းပေါ်မှာလည်း မော်နီတာပြေးကြည့်၊ စကားလုံးတွေပြောပြ၊ ရိုက်ကွင်းနေရာပြေးရှာနဲ့ မျက်နှာကြီးက အဆီတွေပြန်..

ညပိုင်း အိပ်မပျော်တော့ မျက်တွင်းက ဟောက်ပက်။ ကားလည်း ပြီးသွားရော.. အရိုးနဲ့အရေပဲ ကျန်ခဲ့တယ်။

အဲဗျာ.. ကား ရိုက်ပြီးလို့ ဆင်ဆာတင်ရုံရှိသေးတယ်။





ဘယ်သူ့ဆီက သတင်းကြားလိုက်တယ်မသိပါဘူး။

အဖေနဲ့အမေ ငိုကြီးချက်မနဲ့ ပေါက်ချလာတယ်။

"ငကျော်ထူး.. လုပ်ပြန်ပြီလားဟင်.. ငယ်ငယ်တုန်းက သင်္ကြန်အသင်းလိုက်ဖို့ ငါ့ထဘီသွားပေါင်တာ အရေးမကြီးဘူးဟဲ့ ခုဟာက ငါတို့လင်မယား လှိုင်သာယာကွင်းထီးထီးကြီးထဲမှာ ငုတ်တုတ်ထိုင်ပြီး၊ ခွက်ဆွဲတောင်းစားရအောင်လုပ်တာလားဟဲ့.."

တဲ့။ တစ်ခါအဖေက..

"ငါ့သား.. ဒါရိုက်တာကြီး တော်လိုက်တာ.. မိဘ အပေါ် သိတတ်တယ်.. အဖေနဲ့အမေကို ငွေနှစ်သောင်းတောင် ကန်တော့လိုက်တယ်ဆိုပြီး.. ငါတို့ကတော့ ပျော်လိုက်ရတာ..

လက်စသတ် တော့ ငါတို့အိမ်ဂရံခိုးပေါင်ပြီး၊ ငါ့ငွေနဲ့ ငါ့ကိုပေးတာကိုးဆိုပြီး၊ လက်သီးနဲ့ လိုက်ထိုး၊ အမေက လှမ်းဆွဲ၊ ကျွန်တော့်မိန်းမ ထူးသခင်က ....

'ဘယ့်နှယ့်ရှိစ၊ ကိုရွှေဒါရိုက်တာကြီး ရိုက်ချင်ဦးလေ..'

ဆိုတဲ့မျက်နှာပေးနဲ့...။

"ကြီးကောင်ကြီးမားကြီးနဲ့ ခုချိန်ထိ အရှူးထနေတုန်းပဲလားကွ.. လူပေါ်ကြီးရဲ့.."

ဆိုတဲ့အဖေ့ရဲ့အသံတွေကြောင့် ပတ်ဝန်းကျင်က ဝိုင်းကြည့်ကုန်ရောဗျာ။

"ကိုကျော်ထူး.. ဘာဖြစ်တာလဲ"

လို့မေးလည်းမေးရော ...

ကျွန်တော့်အမေက ခုနစ်သံချီ ဟစ်ပါလေရောဗျာ..။

"ဘာဖြစ်ရမှာလဲတော့.. ဟောဒီက လူရှင်တော်လူပေါ်ကြီးကိုကျော်ထူးက ဒါရိုက်တာတဲ့လေ.. သူ့ဟာသူ ဗီဒီယိုရိုက်ချင်ရင် ကိုယ့်ပိုက်ဆံနဲ့ကိုယ်ရိုက်ပေါ့။ ခုတော့ ကျွန်မတို့အိုကြီးအိုမနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အိမ်စုတ်လေးရဲ့ဂရံကို ခိုးပေါင်ပြီး၊ ဒါရိုက်တာလုပ်တယ်တဲ့. . .

အရပ်ကတို့ရေ. . ကျွန်မတို့လင်မယား အသက်ကြီးမှ အိုးမဲ့အိမ်မဲ့ ဖြစ်တော့မယ်တော့. . ”

ပြီးတော့ ကျွန်တော့်မိန်းမထူးသခင်ဘက် လှည့်ပြန်ရော။

“ညည်းကလည်း ကိုယ့်ယောကျ်ား အရူးအပေါကြီးကို ဘာမှမပြောဘူးလား. . နည်းနည်းပါးပါးပြောကြပါဦးအေ. . ”

တဲ့။ ဒီတော့ ကျွန်တော့်ဇနီးထူးသခင်က. . .

“အနုပညာနဲ့ပတ်သက်လာရင် ဘာမှပြောလို့မရပါဘူး အမေရေ့. . ကျွန်မနေမကောင်းလို့ ခရီးမထွက်ပါနဲ့. . ကလေးတွေနေမကောင်းလို့. . ဒီတစ်ရက်တော့ဖြင့် ဒါရိုက်တာကိုတောင်းပန်ပြီး၊ ဆေးခန်းသွားပြပေးပါ. .

လို့ ဆိုတာတောင် သူများ ငြိုငြင်မယ်. . နောက်ခေါ် မသုံးရင် ဘယ့်နှယ်လုပ်မလဲ. . ငါက မင်းသား မဟုတ်ဘူး. . ဆိုပြီး ကျွန်မတို့ကို ပြန်ဆူတာ အမေရဲ့. . ”

ကျွန်တော်လည်း အဖေတို့၊ အမေတို့၊ ဇနီးမယားကြားမှာ ဘယ်လိုပြန်ပြောရ၊ ဘယ်လိုနှစ်သိမ့်ရမလဲလို့ စဉ်းစားလို့ကိုမရဘူး။

အဲဒီအချိန်မှာပဲ အဖေက. .

“ဟေ့ကောင် သောက်ရူး. . ငယ်ငယ်ကတည်းက အရူးထပြီး ဒုက္ခပေးတဲ့ပေါင်းများပြီ. . နယ်မြေမချဲ့နဲ့. . . ကိုယ်က လူရွှင်တော်. . လူရွှင်တော်ဟာ လူရွှင်တော်အလုပ်ကိုလုပ်. .

အေး. . ငါတို့လင်မယား အိမ်ဂရံပြန်မရွေးပေးနိုင်လို့က တော့ ကျော်ထူးသော ဘာသော နားမလည်ဘူး. . မင်းတို့ ဘာလုပ်တဲ့ . . အုပ်ချုပ်တဲ့ ရုပ်ရှင်ကောင်စီရုံးကိုသွားတိုင်မယ်. . ဘာမှတ်လဲလူပေါကြီးရဲ့”

တဲ့။ အဲ. . ကံကောင်းချင်တော့ ဇာတ်ကားရောင်းပြီး၊ နှစ်





ပတ်အတွင်းမှာ အဖေ့ကိုအိမ်ဂရံလေးပြန်ရွေးပေးနိုင်ခဲ့ပါတယ်။ အဲ. . ဒါရိုက်တာလုပ်မိတဲ့အကျိုးအမြတ်ကတော့ အဖေတို့အိမ်သွားလည်ရင် ဘာများယူမလဲ. . ဘာခိုးဦးမလဲဆိုတဲ့မျက်လုံးတွေနဲ့ အလစ်မပေးဘူး. . ဘာလုပ်လုပ်လိုက်ကြည့်နေတယ်။

ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်ခတွေကတော့ အိမ်ဂရံအတိုးပေးတဲ့အထဲပါသွားပါလေရောဗျာ. . ။

www.burmeseclassic.com

www.burmeseclassic.com








## ဟာသမျက်ရည်

ကျွန်တော်ဖြတ်သန်းခဲ့ရတာလေးတွေကို တစ်စိတ်တစ်ဒေသတော့ တင်ပြထားပြီးပါပြီ။

အခုရေးမယ့်အကြောင်းအရာကတော့ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်တည်ဆောက်ထားတဲ့လူရွှင်တော် ဟာသ သရုပ်ဆောင်ကျော်ထူးအငြိမ့်စင်ပေါ်မှာ ကတဲ့အချိန်လည်း မဟုတ်ပါဘူး။ ရိုက်ကွင်းပေါ်မှာ သရုပ်ဆောင်နေတာလည်း မဟုတ်ပါဘူး။ အပြင်မှာကျတဲ့တကယ့်မျက်ရည်စစ်စစ်ပါ။

ဒီလိုဗျ။ အချိန်အားဖြင့် နေ့လယ်မွန်းတည့်ချိန် (၁၂:၀၀) နာရီကျော်ကျော်ပေါ့။ ရန်ကုန်အပူဒီဂရီဖာရင်ဟိုက်က (၃၈. ၃ ဒီဂရီစင်တီဂရိတ် (၁၀၁)ဖာရင်ဟိုက်။

နေရာက တာမွေ ပိုလ်စိန်မှန်ရပ်ကွက် ဘောလုံးကွင်း အရိပ်အာဝါသက သိပ်မရှိဘူး။ နေကလည်း ပူပြင်းလိုက်တာမှ ဗျာ၊ ခေါင်းက ဆံပင်တွေ Dryerတောင် ဆွဲစရာမလိုဘူး။ နဖူးက ချွေး၊ ခြေမတွေ



www.burmeseclassic.com

တယ်ဆိုတာ ဒါမျိုးလား မသိပါဘူး။ ခြေမတင်မကပါဘူး။ ဟိုဒင်း. . ဟိုဟာ၊ တစ်ကိုယ်လုံးပါပဲ။

တစ်ဖက်အသင်းကလည်း ဆွဲလာမယ့်၊ ဖြတ်ပေးမယ့်လမ်းကြောင်းအပေါ် ဘောလုံးကို မျက်တောင်မခတ်ကြည့်နေရတယ်။

ကိုယ့်တာဝန်က နောက်တန်း။ တာဝန်မကျေလို့ကတော့ ရပ်ကွက်ထဲ အလှူလိုက်ခံသလို ခဏ၊ ခဏထည့်နေရတော့မှာ ဆံပင်ကြားထဲက ကျလာတဲ့ချွေးသီးလေးစက်က နဖူးကိုကျော်ပြီး မျက်လုံးထဲတန်း ဝင်သွားတယ်။ မသကာ အင်မတန်မှ ပေါ်လွင်လှတဲ့ နှာခေါင်းလေး ပေါ်တင်နေပါလား။

ခုတော့ဗျာ။ မျက်လုံးထဲဝင်သွားတော့ စပ်ပြီပေါ့။ ကမန်းကတန်း လက်ဖမိုးနဲ့ ပွတ်ပစ်လိုက်တာ ပိုဆိုးသွားရော။ လက်မှာက သဲတွေ၊ ဖုန်တွေပေနေတာကိုး။

အံမယ် ဒီကြားထဲ ဖျတ်ခနဲ ကြော်ငြာတစ်ခုကို သွားသတိရသေးတယ်။ အစားအသောက်မစားခင် လက်ဆေးပါ။ ဘာဆပ်ပြာနဲ့ ဆိုလား။ ဆပ်ပြာနာမည်ထည့်ရေးရင် စိတ်ဆိုးမှာစိုးလို့. .။(အမှန်က စပွန်ဆာမရလို့ပါ. . )

အဲ. . ခုနက လက်နဲ့ပွတ်လိုက်တော့ စပ်တစပ်၊ မှုန်ဝါးဝါးတွေဖြစ်ကုန်ရော။ ခါးက အင်္ကျီစနဲ့ ပွတ်ပစ်မယ်လည်း လုပ်ရော တစ်ဖက်အသင်းက ထောင့်ဖြတ်ပေးလိုက်တဲ့ဘောလုံး ရိပ်ခနဲ တွေ့လိုက်ရတယ်။

"ဟေ့ကောင်. . ပြောင်ကြီး(ရော). . လိုက်ကပ် ကိုဗေလုဝကို ဘာရပ်ကြည့်နေတာလဲ. . လိုက်ဖျက်ထုတ်လေ. . "

အရေးထဲ ကိုဗေလုဝက သူစီးလာတဲ့ဖိနပ် သူမသယ်နိုင်ဘူးလားမသိပါဘူး။ တစ်ယောက်တည်း ဖုန်းခနဲ ဖုန်းခနဲနဲ့ ပစ်ပစ်လဲနေသေးတယ်။





'ဝှီး'ဆိုတဲ့အသံနှင့်အတူ ကျွန်တော့်ရဲ့မဟာနှာခေါင်းဘေးက ဘောလုံးဖြတ်ထွက်သွားတယ်။

"ဟေ့ကောင်ကျော်ထူး. . ဘာလို့ ရှောင်ပေးလိုက်တာလဲ"

လို့ အသင်းခေါင်းရှောင်(အဓိပ္ပာယ်)ဘောလုံးကို ဘယ်သောအခါမှ ခေါင်းနဲ့မတိုက်ဘူး။ ဘောလုံးကွင်းဘေးက ချေးပုံထဲကျထားတာ မြင်ဖူးထားလို့တဲ့. .။

အဲ. . တပ္ပတိန် ကိုအရိုင်းက လှမ်းအော်တော့. .

"ဟာ. . ဒီကောင့်ခြေသလုံးက အကြီးကြီးကွ. . . ငါ့ခြေသလုံးက သေးသေးလေး. . မတော်ပြုတ်ထွက်ပြီး၊ ကွင်းဘေးမှာ ရှာမတွေ့ရင် မင်းတာဝန်ယူမလား"

လို့ ပြန်ပြောလိုက်တယ်။

တစ်ဖက်အသင်းကလည်း ငါတို့နဲ့ကစားနေတာ အနုပညာပညာသသရုပ်ဆောင်တွေပါလားဆိုပြီး၊ တစ်ချက်ကလေးမှ လျှော့မထားဘူး။

အဲဒီအချိန်မှာ နောက်လူက ဖနောင့်တက်နင်းမိလို့ ကိုဗေလုဝ ဖိနပ်ချွတ်ပြီး၊ ထပ်အလှည့်မှာ ဘောလုံးကွင်းရဲ့ ဘယ်ညာမှာ ရပ်ကြည့်နေတဲ့ပရိသတ်တ ဝေါခနဲ ဝိုင်းရယ်ကြရော။ သွားထူပေးမယ်အလုပ် 'ဟိုး. . ကဒ်'ဆိုတဲ့ဒါရိုက်တာကြီး'သျှိုကြီး' ရဲ့အသံကြားလိုက်ရတယ်။

ရှုတင်မန်နေဂျာလိုက်ဝေနေတဲ့ရေသန့်ဘူး တစ်ဘူးကို လူတွေကြားထဲ ကမန်းကတန်းလိုက်လုပြီး၊ နီးစပ်ရာ သစ်ပင်အရိပ်လေးထဲ ဝင်ခိုလိုက်တယ်။ အရိပ်ထဲကျမှ ချွေးတွေ ပိုကျလာသလိုပဲ ဝတ်ထားတဲ့နိုင်လွန်ဘောလုံးအင်္ကျီကလည်း မှု လိုက်တာ မပြောပါနဲ့တော့။

ရိုက်နေတဲ့ဗီဒီယိုဇာတ်ကားက ဘောလုံးနဲ့ ပတ်သက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာသကားလို့တော့ ပြောသံကြားတာပဲ။ ဟာသ သရုပ်ဆောင် တွေက တော်တော်လေးစုံပါတယ်။

တစ်ဖက်အသင်းကတော့ ဘယ် ရုပ်တွက်က ခေါ် လာတယ် မသိပါဘူး။ တကယ့်အရုပ်သားတွေ ဆိုလိုတာက ရုပ်ရှင်၊ ဗီဒီယိုမ ရိုက်ဖူးကြဘူး။ ဒီတော့ တစ်ခါမှား တစ်ခါပြန်ရိုက်နဲ့။ လေးငါးဆယ်ခါ မှားတော့ နေပူကြီးထဲမှာ ပြန်ပြန်ရိုက်ရတာ. . . ။ စဉ်းစားသာကြည့် ကြပါတော့ဗျာ. . ။

နေကာပူပူ ဖုန်ကထူထူ။ ဟာသငနဲ့တွေ မျက်နှာလှမ်းကြည့် တော့ မည်းတဲ့လူက ပြာ၊ ဖြူတဲ့လူက နီ၊ ပြောင်တဲ့လူက အဲ. . အဲဒါတော့ မပါဘူး. . ရှုံ့တွနေကြတယ်။

နဂိုကမှ မကျွမ်းကျင်ရတဲ့ကြားထဲ နည်းနည်းနောနော ဘောလုံးကွင်းကြီးမှတ်ပါဘူးဗျာ။ ပတ်လည်ပြေးလွှားကစားနေတဲ့ ဟန်တွေကိုပါ ထည့်ရိုက်နေသေးတယ်။

ကဲ. . ဒီတစ်ခါ လေ့ကျင့်ခန်းလုပ်နေတဲ့လမ်းကဒ်၊ Seen ကို ရိုက်မယ်။ ခါးလေ့ကျင့်ခန်း။

ဦးမိုးကျော်က မိုက်ခရိုဖုန်းသဏ္ဌာန် ရှိတဲ့ဝါးလုံးတစ်ခုကို ကိုင်ပြီး၊ ကြော်ငြာ။

လူတွေကတန်းစီပြီး၊ ရှေ့နောက်တစ်ယောက်ခြား ကျော်ပြီး ပြေး။

အသင်းအုပ်ချုပ်သူ အသင်းခေါင်းဆောင် ကပ္ပတိန် အရိုင်းက ဘေးက ပြောလည်းပြော၊ ဆူလည်း ဆူ၊ ရိုက်လည်းရိုက်။

ပြီးရင် ကလေးတွေဖန်ခုန်တမ်းကစားသလို ကျော်ဖြတ်ပြီး ရင် ခြေထောက်တွေကို အုတ်နီခဲတစ်ဖက်တစ်လုံးစီ ကြိုးနဲ့ချည်ပြီး ပြေးခိုင်းမယ်။

ဒါလေးပါပဲဗျာ. . ပြီးရင် ရိုက်မယ်။





ရိုက်ရပြန်ပြီပေါ့ဗျာ။ ကြိုးကိုရှည်ရှည်မချည်မိတဲ့ကောင် ကတော့ ခြေတစ်လှမ်း၊လှမ်းတိုင်း ဖနောင့်ကို အုတ်နီခဲက မြန်မြန် ရိုက်ပြီလေ။

အားပါး. . ပြောတော့လည်း အနုပညာပဲ။ ခုမှဖိုက်တင်တွေ နေ့စဉ်နှီးပါးချနေရတဲ့ကိုရွှေလူကြမ်းတွေကို စာနာသနားမိတော့ တယ်။ ရိုက်ကွင်းဘေးက လာရပ်ကြည့်နေတဲ့ပရိသတ်ကတော့ တခေါ် ခေါ်ပေါ့။ 'ရိုက်ကွင်းပေါ်ကောင် ဒီလောက်ရယ်နေရင် ကားထွက် လာတဲ့အခါ ဘယ်လောက်များ ရယ်ကြမလဲပေါ့'ဆိုတဲ့ အပြုံးနဲ့ ပြုံးနေတဲ့ဒါရိုက်တာကြီးကလည်း ပြုံးလို့ပေါ့။

အဲဒီ Seenရိုက်ပြီးတော့ ခဏနား။

ဟိုဖက်အသင်းနဲ့ဒီဖက် အသင်း နှစ်ဖက်အသင်း ကစားတာ ကို 'အကျဉ်း'ပြန်ရိုက်မယ်။ အဆင်သင့်လုပ်ထားပေးပါ။ ကင်မရာ တွေလည်း အဆင်သင့်ဖြစ်ရော၊ ကွင်းထဲပြန်ဝင်၊ တကယ်ကစားနေတဲ့ ဟန်တွေရော၊ ဟာသလုပ်တဲ့ဟန်တွေရော ရောနှောပြီး၊ ပြန်ရိုက် ပေါ့။ အဲဒီSeen ပြီးတော့ ကိုအရိုင်းလို ဟာသ သရုပ်ဆောင်တွေ ခြံရံပြီး၊ တစ်ဖက်အသင်းကို ဂိုးသွင်းတဲ့ပုံစံထပ်ရိုက်၊ နောက်တစ်ခါ ပေလုံဝ ဂိုးသွင်းခွင့်ရအောင် ဖန်တီးပေးတဲ့ဟာသကို ထပ်ရိုက်၊ နောက် ကျော်ထူးက ဘောလုံးဆွဲပြေးရင်း၊ ဘောလုံးကွင်းဘေးမှာ စပွန်ဆာကြော်ငြာတစ်ခုကိုတွေ့ပြီး အိမ်ကို စိတ်ရောက်သွားတဲ့ အချိန် တစ်ဖက်အသင်းက ဘော်ဒီနဲ့ဝင်တိုက်ပြီး၊ ဘောလုံးလုယူသွား တာ ရိုက်မယ်တဲ့. . ။

အဲဒီSeenပေါ့ ရိုက်ရတာလေးငါးဆယ်ခါထက်မနည်းဘူး။ ခဏ၊ ခဏမှားတယ်။ ဒါရိုက်တာလည်း သူလိုချင်တဲ့ပုံစံမရတော့ မလွှတ်ဘူး။ ပြန်ရိုက်၊ ပြန်မှားနဲ့ ခက်တာက ကျွန်တော်ရှေ့မှာရှေ့ ခဲ့သလို တစ်ဖက်အသင်းက ပါဝင်ကစားရိုက်ကူးမယ့်လူတွေက



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်သမားတွေမဟုတ်ဘူးဆိုတော့ ဘယ်လာနပ်ပါ့မလဲ။ မှားပြီပေါ့။ တစ်ကိုယ်လုံးလည်း ကိုင်ရိုက်ထားသလိုနာနေပြီ။ နောက်ဆုံးတခါမှာ အရှိန်ဖော်တော်လေးမြင်းတယ်ဗျာ. . ။ ဝင်တိုက်ထည့်လိုက်တာ၊ ညာဘက်ပခုံးတော်တော်လေး အောင့်သွားသလို ဘယ်ဖက်ဒူးခေါင်းစုတ်ပြဲသွားတယ်။ အဲဒီတော့မှ ဒါရိုက်တာက OKတဲ့။

အဲဒီလိုနဲ့ ရိုက်လိုက်တာ နေ့ခင်း(၁)နာရီနီးပါးရောက်တော့မှ ထမင်းစားနားကြတယ်။ အလေ့အကျင့်မရှိတာရယ်၊ နေပူတာရယ်၊ မင်ပန်းတာရယ်၊ ထမင်းပန်းတာနဲ့လူရတာရယ်၊ အားလုံးစုပေါင်းလိုက်တော့ ထမင်းတစ်ပန်းကန်တောင် မကုန်တော့ပါဘူး။

ဒါတောင် မဟာနှာခေါင်းလေး မထိခိုက်လို့ပေါ့။ ထိများထိရင် နောက်ထပ် ဘာကားမှ လတ်တလောရိုက်နိုင်ဦးမှာမဟုတ်သေးဘူး။ ထမင်းစားနေတုန်း. .

"ပြီးရင် ငှက်ပျောကြော်နဲ့ ကျော်ထူးအဲသင်းခေါင်းဆောင်ပြောမယ့်စကားတွေ နားထောင်မယ့်ကဒ်ရိုက်မယ်"

တဲ့။ ရိုက်ပေါ့ဗျာ. . ။

ကိုယ်က ငွေလိုချင်တာကို သူ့ထမင်း စားရင် ရဲရတော့မှာပေါ့နော်. . မှတ်ဘူးလား. . ။

နေပဲပူပူ မိုးပဲရွာရွာ ချမ်းပဲချမ်းချမ်း မိသားစုအတွက်လေ။ လုပ်လိုက်ဟာပေါ့. . ။ ဒီဘက်ရိုက်ပြီးရင် တစ်ဖက်ရိုက်ကွင်း ကူးရဦးမှာ။ ဟိုမှာက မင်းသားတောင်ရောက်နေပြီ။ လူစုံနေပြီလို့ ရှုတင်မန်နေဂျာက ဖုန်းဆက်လှမ်းခေါ်နေပြီလို့ ငှက်ပျောကြော်က ပြောတယ်။ ရုပ်ရှင်အထာ စကားနဲ့ပြောရရင် ဒီဖက်မှာ လာ ခုတ်တာပေါ့ဗျာ. . ။

Dayပေါ့ Dayဆိုတာက တစ်ရက်စာ (သို့မဟုတ်)တစ်မနက်ခင်းပေါ့။ သုံးလေးပေါင်းလောက်ရရင် မနည်းဘူး ဆိုတဲ့ဝေါ





ဟာရပေါ့။

ဒီဖက်ဘောလုံးကိစ္စပြီးတာနဲ့ ရတဲ့ငွေလေးကျစ်ကျစ်ပါအောင်ဆုပ်ပြီး Taxiငှား။ ရွှေဂုံတိုင်မှာ ရိုက်နေတဲ့နောက်တစ်ကားဆီအတူး။ ပြေးရိုက်မယ်ပေါ့။ အဝတ်အစားထုပ်လေးဆွဲပြီး Taxiကားပေါ်ကအဆင်း. .

"အစ်ကို. . ကျွန်တော်စောင့်နေတာကြာပြီ. . "

ဆိုတဲ့အသံကြားလို့ ရှုတင်မန်နေဂျာလားဆိုပြီး လှည့်ကြည့်လိုက်တော့ ကျွန်တော်တို့ ညီအစ်ကိုထဲမှာ အငယ်ဆုံးနို့ညှာကျွန်တော့်ညီဖြစ်နေတယ်။ မျက်နှာကလည်း မသာမယာနဲ့. .

"ဟာ. . အေး. . ငါနဲ့အပေါ်ထပ်လိုက်ခဲ့. . ငါတို့ရိုက်ရမှာက လေးလွှာမှာ ငါ့တစ်ကိုယ်လုံးလည်း မင်းတွေ့တဲ့အတိုင်း ညစ်ပတ်ပေကျံနေတာကွ. . မင်းနှယ်ကွာ. . နေနိုင်လိုက်တာ. . အိမ်တောင်လာမလည်နိုင်ဘူး. . မင်းဈေးရောင်းမယ့်ကိစ္စ. . ငါ့မိန်းမထူးသခင်တောင် ပြောထားသေးတယ်. . မင်းက နောက်ထပ်မပေါ်လာတော့ဘူး. . မိန်းမ ဘယ်တော့ယူမှာလဲ. . အဖေတို့. . အမေတို့ရော. . နေကောင်းကြရဲ့လား. . "

လို့ မေးလိုက်တော့ သူက ငိုပါလေရော။ မြန်းစားကြီးဆိုတော့ ကျွန်တော်ကြောင်သွားတယ်။

ပြီးတော့ အဖေနဲ့အမေကို လည်း စိုးရိမ်သွားတယ်။ အဖေက ကျွန်တော့်ဆီကပြန်တာ ရက်ပိုင်းပဲရှိသေးတယ်။ ပူရင်း ပူရင်အမေပေါ့။

"ဟော့ကောင်. . ဘာကိစ္စနဲ့ ငိုရတာလဲ. . ငါ့လည်း အကျိုးအကြောင်းပြောပါဦး. . "

လို့ဆိုတော့မှ. .

"အမေ တော်တော်လေး နေမကောင်းဖြစ်နေတယ် အ



www.burmeseclassic.com

www.burmeseclassic.com



တို. . ဟောဒီမှာ ဆေးခန်းပြထားတဲ့စာရွက်တွေ. . E.C.Gရိုက်ရမယ်. . သွေးစစ်ရမယ်. . အဆုတ်မကောင်းဘူး. . အသည်းကိုလည်း ဓာတ်မှန်ရိုက်ရမယ်. . စပေါ့(စ်)တွေ တွေ့ရတယ်တဲ့. . အဲဒါနဲ့ ကျွန်တော် အစ်ကိုဆီလာခဲ့တာ . . . ကျန်တဲ့အစ်ကိုတွေက တစ်ယောက်မှ စီးပွားရေးအဆင်မပြေကြဘူး. . အဆင်ပြေတာဆိုလို့ အစ်ကိုတစ်ယောက်တည်းပဲရှိတာ. . ”

‘ဪ. . ငါ့ညီရယ် အဆင်ပြေတာဆိုလို့ ငါတစ်ယောက်ပဲ ရှိတယ်တဲ့လား။ ငါ့မိသားစု၊ ငါ့ဘဝအခက်အခဲတွေကို မင်းမှ မသိသေးတာဘဲ’

လို့ ကျွန်တော့်ရင်ထဲက ပြောလိုက်မိပါတယ်။

ခုနက ဘောလုံးကွင်းထဲက နေပူပူမှာ ဗီဒီယိုရိုက်ခဲ့တဲ့ အပူဟာ ကျွန်တော့် ညီရဲ့စကားလောက် ပူပြင်းတော့မယ်မထင်ပါဘူးဗျာ. . .။

“ကဲ. . ရော့ညီလေး. . ဒီငွေယူသွား. . အစ်ကိုနောက်မှ လာခဲ့တော့မယ်. . ဒီဖက်မှာလည်း ကားရိုက်တာ ဒီနေ့မှစတာ အရမ်းအရေးကြီးရင် မင်းကိုယ်တိုင်လာ. . မလာနိုင်လည်း တခြား တစ်ယောက်ယောက်ကို လွှတ်ပေးနော်. . ”

လက်ထဲမှာ ချွေးသံတရွှဲရွှဲ ဖုန်တွေတလူးလူးနဲ့ ကျွန်တော် ပါအောင် ဆုပ်ထားတဲ့ငွေလေးကို သူ့ပေးလိုက်တယ်။

သူကတော့ အပြုံးတစ်ဝက်၊ အငိုတစ်ဝက်နဲ့ . .

“ဒါဆို ကျွန်တော်သွားတော့မယ်နော်. . ”

ဆိုပြီး ကျွန်တော့်ရှေ့က ထွက်သွားတော့တယ်။ သူ့ရဲ့ ကျောပြင်ကို ကျွန်တော်ငေးကြည့်နေတုန်းမှာပဲ ကျွန်တော့်ပါးပြင်ပေါ်ကို ပူပူနွေးနွေးအရည်တွေ တစ်စက်ပြီးတစ်စက်ကျလာတယ်။





ချွေးတွေလား၊ မျက်ရည်လားတော့ ကျွန်တော် ကိုယ်တိုင် မခွဲခြားနိုင်တော့ပါဘူးဗျာ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်နဖူးက ကျတဲ့ချွေးဟာ ကျွန်တော့် ကို အမေမွေးတုန်းကကျတဲ့ ချွေးလောက် ကြီးမယ်မထင်ပါဘူး လို့. . .။

✻ ✻ ✻

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





# လူပေါ်ကြီးဘဝဆက်လျှောက်ခြင်း

လူပေါ်ကြီးဘဝဆက်လျှောက်ခြင်း

(၁၁) ဖတ်မရှိသတ်များခင်ဗျား. . အထက်မှာ ကျွန်တော်ခ ရေးခဲ့တာတွေဟာဖြင့် ကိုယ့်ကိုယ်ကိုယ်ဖော်တာ မဟုတ်ပါဘူး။ အရှိ တိုအရှိ၊ အမှန်ကို အမှန်အတိုင်းရေးချင်တာ၊ ကျွန်တော့်ရဲ့ပင်ကို စိတ်ပါ။ ‘ဘာဖြစ်လို့ရေးရတာလဲ’ ဆိုတော့ အခြားခြားသောလူငယ်တွ တွေ ဝါသနာရှင်တွေ ဘဝကို ကြံကြံခံပြီး ကိုယ်လျှောက်ချင်တဲ့အနုပ ပညာလမ်းကို ရဲရဲဝံ့ဝံ့ဖောက်နိုင်၊ လျှောက်နိုင်အောင်လို့ တွန်းအားပေး ပေးတဲ့သဘောပါ။

‘ကျွန်တော်လူပေါ်ကြီး’ကတော့ ဆက်လက်ပြီး ဒီလမ်းကိုခ ဖောက်နေဦးမှာပဲ၊ လျှောက်နေဦးမှာပဲ။ ပေးဆပ်မှုတွေ၊ ရှုန်းကန် မှုတွေများစွာနဲ့ဖြတ်သန်းခဲ့ရသော လူပေါ်ကြီးပါဗျာ. .။ ဒါပေမယ့် အဲလို ကျွန်တော်လူပေါ်ဖြစ်ခဲ့ရတာ၊ မိသားစုစားဝတ်နေရေးအတွက်ပဲ အရှာရာတို့ အောင့်အီးသည်းခံခဲ့ရပေမယ့် တစ်ခါတစ်ရံမှာ ကျွန် တော်သာ လူပျိုလူလွတ်၊ မိသားစု၊ မိဘတွေမရှိရင်. . . လူပေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အစား လူရှိန်းကြီးများဖြစ်လေမလားလို့ စဉ်းစားမိသေးတယ်။ အဲဒီတော့ အယဉ်နဲ့အရှိုင်းကြားမှာ မိသားစုစားဝတ်နေရေးအတွက် မီခင်ဖခင်တွေအတွက် ကျွန်တော်လူပေါကြီးအဖြစ် ခံယူလိုက်ပါတယ်။ ဒီဘဝအတွက်ရော၊ နောင်ဘဝအတွက်ပါ။

တစ်ခါတလေဗျာ. . ရှိပါသေးတယ်။ 'မင်းသားက အသစ်ဖြစ်နေလို့၊ စျေးလျှော့ပေးပါ'ဆိုလို့ လျှော့ပေးရတာမျိုးရှိသလို၊ 'မင်းသားက 'စူပါကြီး'ဖြစ်နေလို့၊ သူ့မှာတင် တော်တော်လေးပေးလိုက်ရလို့ပါ. . လျှော့ပါဦး. . နောက်ကားတွေ ခေါ်သုံးပါဦးမယ်. . 'ဆိုလာပြန်တော့ ကျွန်တော်လူပေါကြီး၊ နောက်ကားမျှော်လင့်ချက်နဲ့ လျှော့ရပြန်ရော. . ။ ဟော့. . ရင်းနှီးတဲ့ဒါရိုက်တာကျပြန်တော့လည်း 'သူ့တန်ထရိုက်ယူထားရလို့'၊ ထုံးစံအတိုင်း လျှော့ရပြန်ရော. . ။

အိမ်က 'ထူးသခင်'က စျေးကပြန်လာပြီဆိုတာနဲ့'ဝုန်း'ဆိုဆွဲခြင်းမစ်ချ။ နဖူးက ချွေးတွေကို လက်ဖမိုးနဲ့သပ်ချပြီး. . မဲ့တာရွဲ့တာနဲ့ပြောလာပြန်ရော။

အင်း . . . သူပြောလည်းပြောချင်စရာပါ။ ဒါပေမယ့် ကျွန်တော်လုပ်နေတဲ့၊ ကျင်လည်နေရတဲ့ဘဝကို သူမသိစေချင်ဘူး။ စဉ်းစားကြည့်လေ. . မင်းသားတွေက (၁၀)ရာခိုင်နှုန်း၊ ကျွန်တော်တို့ ဇာတ်ပို့ဇာတ်ရံတွေက (၁)ရာခိုင်နှုန်း တော်တော်လေးကွာပါတယ်။ အဲ. . ကားရိုက်လို့ ရတဲ့ငွေကို စုပုံ၊ ဟောဒါက အိမ်လခ၊ ဟောဒါက ကျူရှင်ခ၊ ဟောဒါက မီးဖိုချောင်ကိစ္စ၊ ဟောဒါက အဖေတို့ အမေတို့အတွက်၊ ဒါက ဒီကားမှာ ငါဝတ်ဖို့အဝတ်အစားဖိုး. . စသည်ဖြင့် ခွဲခြားပိုင်းခြားပြီး၊ ဟောတစ်ပုံ. . ဟောတစ်ပုံ၊ ပုံလိုက်ရတာ. . ။

အံမယ်. . ဒါတောင် မင်းသားသူငယ်ချင်း သူဌေးသားဆို





သွားရောဗျာ။ ခုခေတ်အဝတ်အစားဈေးကလည်း နည်းတာမှတ်လို့။ တောကားဆိုရင်တော့ နည်းနည်းသက်သာသေးတယ်။ တစ်သက်လုံးတော့ ကားရိုက်နေရရင်တော့ OKပေါ့။ ရှူတင်မန်နေဂျာ ဆိုတာကလည်း ကျွန်တော်တို့လို အလွှာကဆိုတော့ ကိုယ်ချင်းစာပါတယ်။ သူလည်း နည်းနည်းပါးပါးတော့ ပေးကျွေးရသေးတယ်။ မပေးမကျွေးလို့ကတော့ ရန်ကုန်မှာရှိနေလည်း မန္တလေးရောက်နေတယ်ပြောချင်ပြောတာဗျ။ ကိုယ်ကြိုက်ဈေးရမှ လိုက်မယ်ဆိုပြန်တော့လည်း TAXIသမားတွေလိုပဲ ကိုယ်ကရှေ့ကတစ်ယောင်ခေါ်ရင် နောက်ကရှစ်ရာနဲ့လိုက်မယ့်လူတွေ တစ်ပုံကြီး။ အချို့ ကုမ္ပဏီတွေက အရည်အချင်းကြည့်တာ မှုတ်ဘူး။ ဇာတ်နဲ့လိုက်၏၊ မလိုက်၏မကြည့်ဘူး။ ငွေသက်သာရရင် ပြီးရော. . . တစ်ကျပ်ဖိုး ငါးကောင်နဲ့လည်း ရိုက်လိုက်တာပဲ . . . အဲဒီလို တစ်ကျပ်ဖိုး ငါးကောင်တွေ ရှိနေတော့ ကျွန်တော်တို့လို အနုပညာမာန်တွေရှိတဲ့လူတွေ 'ငုတ်တုတ်မေ့' ပေါ့ဗျာ။

ကြာတော့လည်း မိသားစုစားဝတ်နေရေးအတွက် အဲဒီမာန်တွေခဝါချပြီး၊ လူပေါကြီးပြန်ဖြစ်ရပြန်ရော။ ကိုယ်က ဘွန်းကြီးလူထွက်၊ စစ်သားလူထွက်လိုပဲ ဒီအနုပညာတစ်ခုပဲ လုပ်တတ်တာ၊ အဲဒါမှမလုပ်ရင် အခြားဘာမှလည်း လုပ်ကိုင်စားသောက်တတ်တာမှုတ်ဘူး။ မကျွမ်းလည်း မကျွမ်းကျင်ဘူးလေ။ ကျွမ်းကျင်ရအောင်ကလည်း အချိန်ပေးရဦးမယ်။ အရင်းအနှီးကလည်း ရှိရဦးမယ်။ အဲဒီအရင်းအနှီးကို ဘယ်လိုစုဆောင်းရမလဲ။

ရတဲ့ငွေကို အဝတ်အစားဖိုးဝယ်၊ မိသားစုဖို့ဖယ်၊ ဟိုဖယ်ဒီပုံနဲ့ တစ်ကားပြီးသွားတာနဲ့ တစ်ပြားမှမကျန်တော့ဘူး။ နောက်တစ်ကားထပ်မျှော်၊ မစုမိ၊ မဆောင်းမိတာတောင် ပုံမှန်ဖြစ်ဖို့တောင် တော်တော်လေးကြိုးစားနေရတာ၊ နည်းနည်းလေးကျဲသွားလို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က ပြောသလို'မန်းမန်းဟူတူပုန်းပြီသာမှတ်'။

အဲဒီတော့ တတ်ထားသောအနုပညာလေးနဲ့ပဲ လူပေါ်ကြီး ကျွန်တော် ဘယ်အချိန် ဘယ်ကာလအထိ အသက်ရှင်နေသရွေ့ ကာလပတ်အထိပေါ့လေ။ ဆက်လက်ပြီး အနုပညာအလုပ်တွေကို လုပ်နေရဦးမှာပါ. . .။

မြန်မာနိုင်ငံမှာရှိနေကြသော အနုပညာရှင်အပေါင်းများ စွာကို ထမင်းကျွေးကြတဲ့ 'ထမင်းရှင်၊ ဟင်းရှင်' မိဘပြည်သူအပေါင်း ကို ကျန်သောအနုပညာရှင်တွေရဲ့ကိုယ်စား ကျွန်တော်ဒီစာအုပ် လေးနဲ့ ဂါရဝပြု ကန်တော့လိုက်ပါရစေလားဗျာ. . . .

ယခုတော့ဖြင့် ကျွန်တော်ကြိုးစားခဲ့သမျှ ပင်ပန်းခဲ့သမျှ အနစ်နာခံသမျှ 'ကျော်ထူး'ဆိုတဲ့နာမည်လေးတစ်လုံးကို ပရိသတ် ရင်ထဲရောက်အောင်ပို့နိုင်ခဲ့ပါပြီ။ ယခုအချိန်အထိလည်း ပရိသတ် ကို အနုပညာဖြင့်စာပေနဲ့ တစ်မျိုး၊ ဗွီဒီယိုဇာတ်ကားဖြင့် တစ်ဖုံ၊ ရုပ်ရှင်ကားကြီးဖြင့် တစ်သွယ်၊ အငြိမ့်နည်းဖြင့် တစ်နည်း၊ နည်း မျိုးစုံဖြင့် ဖျော်ဖြေတင်ဆက်ကျွေးဇူးဆပ်နေပါပြီ။ ရှေ့လျှောက်လည်း 'ဇွဲ'၊ 'လုံ့လ'၊ 'ဝီရိယ'ကြိုးစားအားထုတ်ပြီး၊ လူပြောများတဲ့ လူပေါ်ကြီး ကျွန်တော်က အနုပညာဖြင့် ကျေးဇူးဆပ်ပါဦးမည် ခင်ဗျာ. . .။





ဤစာအုပ်ဖြင့် ဖခင်ဦးတောင်စိုး+မိခင်ဒေါ်ယဉ်ကြည် ဦးတင်အောင်+ဒေါ်အေးမြင့်(ကွယ်လွန်)၊ ဇနီးသည် မယဉ်ယဉ် မြင့်၊ လူရွှင်တော်ဦးတိုင်းကျော်(ခ)တောက်တဲ့ (ကွယ်လွန်)၊ ဦး လေးမောင်(ကွယ်လွန်)၊ ဦးစွပ်ပရား (ကွယ်လွန်)၊ တူတူသိုက် ဦးဖာန်မြတ်မော် (ကွယ်လွန်)၊ ကိုကြီးမေတ္တာ၊ ဆရာလေး ဦး သန်းအောင်၊ တစ်ခိုင်လုံးရွှေ အေးအေးမြင့်၊ တွံတေး ဦး သိန်းတန်(ကွယ်လွန်)+ဒေါ်ချစ်စပယ် (ကွယ်လွန်)၊ ဓာပညာ အောင်ဝန်း(ကွယ်လွန်)၊ အရောင်တင်ပေးခဲ့သော မြန်မာ့အသံ နှင့် မြန်မာ့ရုပ်မြင်သံကြားဌာနကြီးမှ ဝန်ထမ်းများအားလုံးတို့ အား အမှတ်တရ တလေးတစား ရေးသားလိုက်ရပါသည်။

လူပေါ်ကြီး၊
ကျော်ထူး
(၄.၅.၀၇)



www.burmeseclassic.com